Premier ELEVEN
SPORTS JOURNAL
NO 37 VOL 11 SUNDAY APRIL 11 2014

# ပရီးမီးယားလိဂ်ဖလား
# မန်ချက်စတာမှာပဲ နားခိုဦးမှာလား

၂၀၁၃ဩဂုတ်လ(၁၇)ရက်နေ့က စတင်ခဲ့တဲ့ ၂၀၁၃-၁၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲဟာ အခုတနင်္ဂနွေ မေလ(၁၁)ရက်နေ့မှာ ပွဲအားလုံးတစ်ပြိုင်တည်းကစားပြီး ပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ ပရီးမီးယားလိဂ် ပွဲစဉ် (၃၈)ရဲ့ ပွဲ(၁၀)ပွဲကို မြန်မာစံတော်ချိန် ည(၈း၃၀)နာရီမှာ တစ်ချိန်တည်းကစားသွားမှာဖြစ်ပြီး ပရီးမီးယားလိဂ်ချန်ပီယံဘယ် အသင်းဖြစ်လာမလဲ ဆိုတာကတော့ နောက်ဆုံးပွဲစဉ်မှ အဖြေထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိအနေအထားအရတော့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရမှတ်(၂)မှတ် အသာနဲ့ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းက ချန်ပီယံဆုဖလားကို ရယူဖို့ အခွင့်အရေးများစွာရှိနေပြီး ဝက်စ်ဟမ်းအသင်းနဲ့ သရေကျခဲ့မယ်ဆိုရင်တောင် လီဗာပူးလ်ကို ရမှတ်တူ ဂိုးကွာခြားချက်အသာနဲ့ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်မှာ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်မှာ အမှတ်ပေးချန်ပီယံ နောက်ဆုံးရယူခဲ့ပြီး ပရီးမီးယားလိဂ်ဆု ဖလားတစ်ကြိမ်မှ မရဖူးသေးတဲ့ လီဗာပူးလ်အသင်းကတော့ ချယ်လ်ဆီးကို ဂျရတ်ချော်လဲခဲ့တဲ့ မမျှော်လင့်စရာဖြစ်ရပ်နဲ့အတူ (၂-၀)ဂိုးနဲ့ရှုံး၊ ခရစ္စတယ်ပဲလေ့စ်ကို (၃)ဂိုးပြတ်နဲ့ အနိုင်ရပြီးမှ ပေါ့လျော့မှုတွေကြောင့် (၃-၃)ဂိုးနဲ့ သရေကျ၊ ပရီးမီးယားလိဂ်ပန်းအဝင်မှာ အဖိုးတန်ရမှတ်တွေ ဆုံးရှုံးပြီး မန်စီးတီးရဲ့ ဖြစ်နိုင်ခြေ နည်းပါးလွန်းတဲ့ အမှားကို စောင့်မျှော်ရတော့မှာ ဖြစ်ပါတယ်။

တစ်ချိန်က လီဗာပူးလ်မြို့ကို အကြိမ်ကြိမ် ရောက်ရှိခဲ့ဖူးတဲ့ အင်္ဂလန်အမှတ်ပေးချန်ပီယံဆုဟာ ဒီနှစ်မှာ လီဗာပူးလ်ကိုရောက်ဖို့ အနီးစပ်ဆုံး အခြေအနေကိုရောက်ရှိပြီးမှ မြင်းကောင်းခွာလိပ် ရာသီအဆုံးသတ် မှားယွင်းမှုတွေကြောင့် မန်စီးတီးအသင်း အခြေအနေကောင်းခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ အရှိန်နဲ့ မောင်းတင်လာတဲ့ အာဆင်နယ်၊ တစ်ကျော့ပြန်မော်ရင်ဟိုရဲ့ ချယ်လ်ဆီး၊ ငွေကြေးများစွာသုံးစွဲပြီး ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့တဲ့ စပါးအစရှိတဲ့ လန်ဒန်အသင်းကြီးတွေကလည်း ဖလားရအောင် စွမ်းဆောင်နိုင်ခြင်း မရှိသေးတာကြောင့် ပရီးမီးယားလိဂ်ဖလားဟာ မန်ယူလက်ထဲက မြို့ခံပြိုင်ဘက် မန်စီးတီး ဆက်ခံရမယ့် သဘောဖြစ်နေပါတယ်။

**ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်**

၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ကာဒစ်ဖ် | - | ချယ်လ်ဆီး |
| ဖူလ်ဟမ် | - | ခရစ္စတယ်ပဲလေ့စ် |
| ဟားလ်စီးတီး | - | အဲဗာတန် |
| လီဗာပူးလ် | - | နယူးကာဆယ် |
| မန်စီးတီး | - | ဝက်စ်ဟမ်း |
| နော့ဝစ်ချ် | - | အာဆင်နယ် |
| ဆောက်သမ်တန် | - | မန်ယူ |
| ဆန်းဒါးလန်း | - | ဘွမ်ဆီး |
| စပါး | - | ဗီလာ |
| ဝက်စ်ဘရွန်း | - | စတုတ်စီးတီး |

၂၀၁၁မှာ မန်ယူ၊ ၂၀၁၂မှာ မန်စီးတီး၊ ၂၀၁၃မှာ မန်ယူ အစရှိသဖြင့် ပရီးမီးယားလိဂ်မှာ ဗိုလ်စွဲခဲ့တာကြောင့် အခု ၂၀၁၄မှာ မန်စီးတီးအသင်းပဲ ဗိုလ်စွဲခဲ့မယ်ဆိုရင်တော့ ပရီးမီးယားလိဂ်ဖလားဟာ မန်ချက်စတာမြို့ကနေ မခွဲနိုင်မခွာရက် ဖြစ်နေတယ်လို့ပဲ ဆိုရမှာပါ ...



Premier Eleven Sports Journal Vol:11 No.37 11, May, 2014

# ဆွာရက်ဇ်ရဲ့သွင်းဂိုးများ ဆုတံဆိပ်များနဲ့ ပရီးမီးယားလိဂ်ဇာတ်သိမ်းခန်း

ဝေယံအောင်

(၂၂)ရာသီမြောက် ပရီးမီးယားလိဂ်ပြိုင်ပွဲကတော့ လာမယ့်တနင်္ဂနွေနေ့မှာ အဆုံးသတ်ပါပြီ။ ချန်ပီယံလိဂ်ဝင်ခွင့်၊ တန်းဆင်းဇုန်တိုက်ပွဲစတဲ့ အကြောင်းအရာအတော်များများ အဖြေပေါ်ခဲ့ပြီဖြစ်ပေမယ့် ဘယ်သူ ချန်ပီယံဆုရရှိမလဲဆိုတဲ့မေးခွန်းကတော့ နောက်ဆုံးပွဲစဉ်အထိ ရင်ခုန်နေရဆဲပါ။ ချန်ပီယံဆုကို အပြိုင်လုနေကြတဲ့ မန်စီးတီးရော လီဗာပူးလ်ပါ နောက်ဆုံးပွဲစဉ်ကို အိမ်ကွင်းတွေမှာ ကစားရမှာဖြစ်ပြီး ပြိုင်ဘက်တွေကလည်း အမှတ်မလိုတော့တဲ့အသင်းတွေဖြစ်နေပေမယ့် ဘာမဆိုဖြစ်သွားနိုင်တဲ့ ဘောလုံးမှာ သေချာပါတယ် ဆိုတဲ့စကားကို ကြိုသုံးဖို့တော့ ခက်နိုင်ပါတယ်။ မန်စီးတီးနဲ့ ရင်ဆိုင်ရမယ့် ဝက်စ်ဟမ်းနည်းပြ ဆမ်အလာဒိုက်စ်က အကောင်းဆုံးအားထုတ်မှုနဲ့အတူ ပြိုင်ဘက်ကို ထိုးနှက်နိုင်ဖို့ ကြိုးစားသွားမယ်လို့ ကြွေးကြော်ထားသလို၊ အသင်းငယ်တွေ ဖျက်မြင်းလုပ်တတ်တဲ့ အစဉ်အလာတွေကလည်း ရှိနေပါတယ်။ ဒါကြောင့် စိတ်လှုပ်ရှားစွာ စောင့်ကြည့်ရဦးမယ့် ပရီးမီးယားလိဂ်ဇာတ်သိမ်းခန်းမှာ စိတ်ဝင်စားစရာ အကောင်းဆုံးဇာတ်ကောင်ဖြစ်လာတာကတော့ လီဗာပူးလ်တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ပါ။

## ဆုတံဆိပ်များစွာ

အကြောင်းကတော့ ဆွာရက်ဇ်ဟာ ဒီရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဖြစ်နေတာကြောင့်ပါ။ ဆွာရက်ဇ်အတွက် ဒီရာသီက တစ်ဦးချင်းအောင်မြင်မှုသက်သက်နဲ့ဆိုရင် ကျေနပ်စရာဖြစ်နေခဲ့ပါပြီ။ လီဗာပူးလ်အသင်း ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အဓိကအကျဆုံးအဖြစ် သွင်းဂိုးများစွာနဲ့ ကူညီနိုင်ခဲ့တာကြောင့် အမြင့်ဆုံးထူးချွန်ဆုနှစ်ခုကို ဆွာရက်ဇ် ရရှိခဲ့ပါပြီ။ ဒါတွေကတော့ ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့ချုပ်က ချီးမြှင့်ပြီး ကစားသမားအချင်းချင်း ရွေးချယ်တဲ့ အကောင်းဆုံးကစားသမားဆု(PFA)နဲ့ အားကစားကလောင်ရှင်အဖွဲ့အစည်းက ရွေးချယ်ချီးမြှင့်တဲ့အကောင်းဆုံးကစားသမားဆု (FWA)တို့ပါ။ ဒီဆုတွေကို ပရီးမီးယားလိဂ်ခေတ်ကာလမှာ လီဗာပူးလ်ကစားသမားတွေထဲက ရယူနိုင်ခဲ့တာ ဆွာရက်ဇ်မတိုင်ခင်က စတီဗင်ဂျရတ်တစ်ဦးပဲ ရှိပါတယ်။ ဆုနှစ်ခုစလုံးကို တစ်ပြိုင်နက် ရယူနိုင်တာကတော့ ဆွာရက်ဇ်ဟာပထမဆုံးပါပဲ။ ပရီးမီးယားလိဂ်ရာသီ(၂၂)ရာသီမှာ ဒီဆုနှစ်ခုစလုံးကို တစ်ရာသီတည်းမှာ တစ်ပြိုင်နက်ရယူနိုင်ခဲ့တာကလည်း ဆွာရက်ဇ်အပါအဝင် (၁၂)ဦးပဲ ရှိခဲ့ပါတယ်။ ဒါကြောင့် ဆွာရက်ဇ်အတွက် ဂုဏ်ယူစရာ တစ်ဦးချင်းဆုတံဆိပ်တွေဖြစ်ခဲ့ပြီး ပရိသတ်တွေချီးမြှင့်တဲ့ FSF ဆုကိုလည်း ရရှိထားပါတယ်။ ပြီးတော့ လက်ရှိခြေစွမ်းနဲ့ စွမ်းဆောင်မှုအရ နောက်ထပ်သိမ်းပိုက်ခွင့်ရမယ့် ထူးချွန်ဆုတွေလည်း ရှိနေပါသေးတယ်။ တိုက်စစ်မှူးတိုင်းမက်မောကြတဲ့ ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုနဲ့ ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ချီးမြှင့်တဲ့ အကောင်းဆုံးကစားသမားဆုတွေပါ။ ပွဲစဉ် (၃၇)အပြီးမှာ သွင်းဂိုး(၃၁)ဂိုးသွင်းယူပြီး ဒုတိယနေရာကပြိုင်ဘက်ကို (၁၀)ဂိုးဖြတ်ထားနိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီးမီးယားလိဂ်ရွှေဖိနပ်ဆုက ဆွာရက်ဇ်အတွက် သေချာနေခဲ့ပါပြီ။ ဒါဟာ မိုက်ကယ်အိုဝင်နောက်ပိုင်း လီဗာပူးလ်ကိုယ်စားပြု ရယူနိုင်မယ့်ဆုဖြစ်ပေမယ့် အိုဝင်က ရရှိခဲ့တဲ့နှစ်ကြိမ်စလုံးမှာ (၁၈)ဂိုးစီသာ သွင်းယူနိုင်ခဲ့တာကြောင့် ဂိုးသွင်းစွမ်းရည်ချင်းကတော့ ခြားနားချက်အများကြီးရှိနေပါတယ်။ ပြီးတော့ ဆွာရက်ဇ်အတွက် ဒီဆုက နောက်ထပ်ဆုတံဆိပ်တစ်ခုကိုလည်း မျှော်လင့်ခွင့်ရရှိစေပါတယ်။ ဒါကတော့ ဥရောပရွှေဖိနပ်ဆုကိုပါ ဆွတ်ခူးနိုင်စွမ်းရှိနေတာပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဒီဆုအတွက် ဆွာရက်ဇ်အဓိကယှဉ်ပြိုင်နေရတာက ရီးယဲလ်တိုက်စစ်မှူးစီရော်နယ်လ်ဒိုဖြစ်ပြီး ပွဲကျန်အနေအထားအရ စီရော်နယ်လ်ဒိုက အသာစီးရရှိနေပေမယ့် နယူးကာဆယ်နဲ့ နောက်ဆုံးပွဲမှာ ဆွာရက်ဇ် ဘယ်လောက်တိုက်စစ်အစွမ်း ပြနိုင်ဦးမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ။ ပရီးမီးယားလိဂ်အကောင်းဆုံးဆုကလည်း ပြီးခဲ့တဲ့(၂၁)ရာသီမှာ ချန်ပီယံဆုရရှိတဲ့အသင်းက ကစားသမားတွေ (၁၂)ကြိမ်ရရှိခဲ့ပြီး ချန်ပီယံမဖြစ်တဲ့အသင်းက (၉)ကြိမ်ရရှိခဲ့တာကြောင့် ဆွာရက်ဇ်အနေနဲ့ ချန်ပီယံဆုမရရှိခဲ့ရင်တောင် မျှော်လင့်နိုင်စွမ်းရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီကလည်း မန်ယူအသင်းချန်ပီယံဖြစ်ခဲ့ပေမယ့် ပရီးမီးယားလိဂ်အကောင်းဆုံးကစားသမားဆုကို စပါးတောင်ပံကစားသမားဂါရက်ဘေးလ်က ရရှိခဲ့တာတွေ့ရမှာပါ။ ဒါကြောင့် ဆွာရက်ဇ်အနေနဲ့ ရနိုင်ခြေရှိနေတဲ့ ဆုတံဆိပ်တွေကို ထပ်ပြီးရယူနိုင်ခဲ့မယ်ဆိုရင် ပရီးမီးယားလိဂ်သမိုင်းမှာ အထူးခြားဆုံးကစားသမားတစ်ဦး ဖြစ်လာဖို့ရှိပေမယ့် သူ့အလိုလားဆုံးက တစ်ဦးချင်းဆုတံဆိပ်တွေ ဟုတ်ပါ့မလား ဆိုတာကိုတော့ တွေးကြည့်ချင်စရာကောင်းနေပါတယ်။

## အိပ်မက်ထဲက အိပ်မက်

အေဂျက်စ်ကနေ လီဗာပူးလ်အသင်းကို ရောက်လာတဲ့ လူးဝစ်ဆွာရက်ဇ်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိပြီး အမြင့်ဆုံးအောင်မြင်မှုတွေကို မျှော်လင့်ထားသူလည်းဖြစ်ပါတယ်။ လီဗာပူးလ်ကို ရောက်ရောက်ချင်းဂန္ထဝင်နံပါတ်(၇)ကို တောင်းဆိုခဲ့သူဖြစ်သလို၊ ပထမဆုံးပါဝင်ကစားခွင့်ရတဲ့ပွဲမှာပဲ သွင်းဂိုးနဲ့ခြေစွမ်းပြခဲ့သူပါ။ သူ့ရဲ့သွင်းဂိုးတွေက တစ်ရာသီထက်တစ်ရာသီ မြင့်တက်လာခဲ့ပြီး နောက်ဆုံးနှစ်ရာသီဆက် အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ လီဗာပူးလ်အသင်းက သူမျှော်လင့်သလောက်ဖြစ်မလာခဲ့ပါဘူး။ အိပ်မက်ကြီးကြီးရှိတဲ့သူ့အတွက် ကောင်းကင်ကျယ်ကျယ်လိုအပ်တဲ့အတိုင်း ဥရောပဝင်ခွင့်တောင်မရတဲ့ လီဗာပူးလ်အသင်းက သူ့ကိုစိတ်ပျက်စေပါတယ်။ ဒါကြောင့်ပြီးခဲ့တဲ့နွေရာသီက လမ်းခွဲဖို့အထိ စဉ်းစားခဲ့တာပါ။ စိတ်ဓာတ်ပိုင်းမှာ ကိုင်တွယ်ရခက်တဲ့ အပြစ်အနာအဆာတချို့ရှိတာကလွဲရင် ပြိုင်ဘက်ဂိုးပေါက်ရှေ့မှာ ကြောက်မက်ဖွယ်အဆုံးသတ်စွမ်းရည်ကို ပြသနိုင်သူဖြစ်တာကြောင့် သူ့ကိုလိုလားတဲ့အသင်းတွေကလည်းအများကြီးပါ။ လီဗာပူးလ်နဲ့ စာချုပ်သက်တမ်းတိုးလိုက်ပေမယ့် အခုအထိစောင့်ကြည့်နေတဲ့ အသင်းတွေရှိနေပြီး လာမယ့်နွေရာသီမှာ ရီးယဲလ်၊ PSGတို့လိုအသင်းတွေ ကကမ်းလှမ်းဖို့စီစဉ်နေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်လာပါတယ်။ ဒီသတင်းတွေက ပရီးမီးယားလိဂ်ရာသီပြီးခါနီးမှာပိုပြီးကျယ်လောင်လာပါတယ်။ ဒါကဆန်းတော့မဆန်းပါဘူး။ လီဗာပူးလ်အသင်းကို ကိုယ်ကြိုးစားသလောက် အရာမထင်တဲ့အသင်းလို့ ဆွာရက်ဇ်တွေးတောမိလာချိန်မှာ အခွင့်ကောင်းယူဖို့ရည်ရွယ်ကြတာပဲဖြစ်ပါတယ်။ လီဗာပူးလ်အသင်းတာဝန်ရှိသူတွေက ဒီရာသီမှာလက်လွှတ်ထားရတာကြာပြီဖြစ်တဲ့ ဥရောပဝင်ခွင့်ပြန်လည်ရယူနိုင်ဖို့သာ အဓိကပစ်မှတ်ထားခဲ့တာဖြစ်တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်သေချာခဲ့ပြီဖြစ်တဲ့အခြေအနေက ကျေနပ်စရာရလဒ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ မျှော်လင့်မထားတဲ့ဆုဖလားအိပ်မက်အသက်ဝင်လာမှုနဲ့အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ခံစားလာကြတဲ့ ပရိသတ်တွေနဲ့ ကစားသမားတွေကတော့ ဒီအခြေအနေအတွက် နောင်တမှုဖြစ်မှာ အမှန်ပါပဲ။ ဒါကြောင့် ခရစ္စတယ်ပဲလေ့စ်နဲ့ပွဲအပြီးမှာ ဆွာရက်ဇ် ငိုကြွေးခဲ့တာကို မြင်တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးကို အရှုံးပေးခဲ့ရတဲ့နောက် ချန်ပီယံဆုအတွက် မန်စီးတီးနဲ့ ဂိုးကွာခြားချက်ချင်း ယှဉ်ရမယ့်အခြေအနေဖြစ်သွားတာကြောင့် ပဲလေ့စ်နဲ့ပွဲမှာ တိုက်စစ်ဖွင့်ကစားခဲ့သလို၊ (၃)ဂိုးဖြတ်ဦးဆောင်နိုင်ခဲ့ရာမှာ ဆွာရက်ဇ်က ကိုယ်တိုင်လည်း တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အံ့အားသင့်လောက်အောင် (၃)ဂိုးပြန်ပေးလိုက်ရပြီး အမှတ်လျော့သွားခဲ့တာကြောင့်ဆွာရက်ဇ်အနေနဲ့ အရုပ်ကြိုးပြတ်ဖြစ်သွားခဲ့ရတာလို့ပဲဆိုရမှာပါ။ ကာလရှည်လျားစွာယှဉ်ပြိုင်ကစားရတဲ့ ပြိုင်ပွဲတစ်ခုမှာ ကစားသမားတစ်ဦးပဲဖြစ်ဖြစ် ကလပ်အသင်းတစ်သင်းပဲဖြစ်ဖြစ် အောင်မြင်မှုရရှိဖို့ဆိုတာ တည်ငြိမ်တဲ့ခြေစွမ်းနဲ့ ဖြတ်သန်းရတာပါ။ လက်ရှိအနေအထားမှာရရှိတဲ့ဆုတံဆိပ်၊ ရောက်ရှိတဲ့အဆင့်တွေအရ ဆွာရက်ဇ် အောင်မြင်ခဲ့သလို၊ လီဗာပူးလ်လည်း အောင်မြင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ စိတ်တိုင်းကျအောင်မြင်မှုဖြစ်ခဲ့သလားဆိုတာကိုတော့ မေလ (၁၁)ရက်နေ့ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်ပြီးဆုံးချိန်မှပဲ . . .။







Photo : AFP, Dailymail

**PFA၊ FWA နှင့် ပရီးမီးယားလိဂ်ဂိုးသွင်းဘုရင်ဆုကို တစ်ပြိုင်နက်ရရှိခဲ့သူများ**

| ရာသီ | ကစားသမား | အသင်း | သွင်းဂိုး |
|---|---|---|---|
| ၂၀၀၃-၀၄ | အွန်နရီ | အာဆင်နယ် | ၃၀ ဂိုး |
| ၂၀၀၇-၀၈ | စီရော်နယ်လ်ဒို | မန်ယူ | ၃၁ ဂိုး |
| ၂၀၁၁-၁၂ | ဗန်ပါစီ | အာဆင်နယ် | ၃၀ ဂိုး |
| ၂၀၁၃-၁၄ | ဆွာရက်ဇ် | လီဗာပူးလ် | -- |




# ထွက်ပေါက်ရှာတာလား FA

ဟိန်းမောင်မောင်

၂၀၁၃ခုနှစ် အောက်တိုဘာလ(၂၆)ရက်နေ့က အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA) အတွက် နေ့ထူးနေ့မြတ်ပါ။ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံးဘောလုံးအဖွဲ့ချုပ်အဖြစ် ဂုဏ်ယူဝံ့ကြွားစွာ ရပ်တည်လာတဲ့ FA အနေနဲ့ သက်တမ်းနှစ်ပေါင်း(၁၅၀)ပြည့်မြောက်တဲ့နေ့လည်း ဖြစ်ခဲ့ပါတယ်။ FA သက်တမ်း နှစ်(၁၅၀)ပြည့်တဲ့ အချိန်အခါသမယမှာ အင်္ဂလိပ်တွေအဖို့ အနာဂတ်အတွက် စိုးရိမ်ပူပန်မှုလှိုင်းလုံးက တဖြည်းဖြည်းမြင့်တက်လာနေခဲ့ပါတယ်။ ၂၀၁၃ ဇူလိုင်လမှာ FA ဥက္ကဋ္ဌရာထူးကို တရားဝင်ရယူခဲ့တဲ့ ဂရက်ဒိုက်အဖို့လည်း အင်္ဂလန်လက်ရွေးစင်အသင်းအနာဂတ်ကို အကောင်းဆုံးပုံဖော်နိုင်ဖို့က သူ့အတွက် ဦးစားပေးတာဝန်ဖြစ်လာခဲ့ပါတယ်။ ဂရက်ဒိုက်ကိုယ်တိုင်က FA အနေနဲ့ လက်ရွေးစင်အသင်းကို အကောင်းဆုံးဖြစ်အောင် အမိက လုပ်ဆောင်သွားမယ်လို့ ဥက္ကဋ္ဌ ရာထူးရယူပြီးကတည်းက တသွင်သွင်ပြောနေခဲ့ပါတယ်။ FA က အင်္ဂလန်အသင်းအတွက် (၁၀)နှစ်စီမံကိန်းချကာ အကောင်အထည်ဖော်သွားဖို့ အစောပိုင်းကတည်းက ချပြထားခဲ့တာပါ။ ဆယ်စုနှစ်တစ်ခုဆိုတဲ့ အချိန်အတိုင်းအတာဟာ ရှည်လျားလွန်းတယ်လို့ဆိုနိုင်ပေမယ့် တစ်ကနေ ပြန်စရမယ့် အင်္ဂလန်ဘောလုံးလောကအဖို့ ဒီလောက် အချိန်ယူထားနိုင်မှ တော်ကာကျပါလိမ့်မယ်။ ဒါကြောင့် FA အနေနဲ့ အခြားတစ်ဖက်မှာ အရည်အသွေးရှိတဲ့ ကြယ်ပွင့်တွေပေါ်ထွက်လာဖို့ လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ဆောင်ပြီး နည်းလမ်းရှာရတော့မှာပါ။ ဒါပေမဲ့ ကလပ်အသင်းအများစုက အင်္ဂလန်ကစားသမားတွေကို နေရာပေးဖို့ဆိုရာမှာ ခြေစွမ်းထက် တန်ကြေးမတန်တဆမြင့်နေတဲ့ အချက်ကလည်း ပရီးမီးယားလိဂ်လိုပြိုင်ပွဲမှာ ကစားခွင့်ရဖို့အခွင့်အရေးပိုနည်းသွားစေခဲ့ပါတယ်။ FA ရဲ့(၁၀)နှစ်စီမံကိန်းကတော့ ရှင်းပါတယ်။ ယူရို-၂၀၂၀ ပြိုင်ပွဲမှာ အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်နိုင်ဖို့နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုရယူနိုင်ဖို့ ပစ်မှတ်ထားနေတာပါ။ ၂၀၁၇ခုနှစ်မှာ ကျင်းပမယ့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်လူငယ်အသင်း အောင်မြင်မှုရ မရက ဒီစီမံကိန်းရဲ့ အဓိကကျတဲ့ စမ်းသပ်ခံမှုဖြစ်လာနိုင်ပြီး နောက် (၄၊ ၅)နှစ်အတွင်းမှာပဲ ဒီမျိုးဆက်တွေကပဲ FA ရဲ့ရည်မှန်းချက်တွေကို ပုံဖော်ပေးမှာဖြစ်ပါတယ်။

## ကိန်းဂဏန်းများ

ပရီးမီးယားလိဂ်တဟုန်ထိုး အောင်မြင်လာမှုက အင်္ဂလန်အသင်းရဲ့ အရည်အသွေးပိုင်းကို များစွာထိခိုက်ခဲ့တယ်လို့ ကောက်ချက်ချမှုက ရာနှုန်းပြည့်တော့ မမှန်ကန်နိုင်ပါဘူး။ ခေတ်သစ်ဘောလုံးဘိုးအေ အင်္ဂလန်အဖို့ ဘောလုံးသမိုင်းစာမျက်နှာမှာ လောက်လောက်လားလားပြစရာအောင်မြင်မှုဆိုလို့ အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့ ၁၉၆၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ တစ်ကြိမ်သာရှိခဲ့ပါတယ်။ ဒါကြောင့် လိဂ်ပြိုင်ပွဲအောင်မြင်မှုက အင်္ဂလန်အသင်းအပေါ် အနည်းနဲ့အများ အကျိုးသက်ရောက်မှုရှိတာမှန်ပေမယ့် အင်္ဂလန်လူငယ်ကစားသမားတွေ အရည်အသွေးကျဆင်းမှုအပေါ် ပရီးမီးယားလိဂ်လိုပြိုင်ပွဲမျိုးမှာ ပါဝင်ကစားခွင့်ရတဲ့ရာခိုင်နှုန်း လျော့ကျလာမှုတစ်ခုတည်းကိုပဲ အကြောင်းပြချက်ပေးလို့မရပါဘူး။ ကိန်းဂဏန်းတွေကိုကြည့်ရင်တော့ အင်္ဂလန်အသင်းအနာဂတ်အတွက် စိုးရိမ်စရာအခြေအနေပါ။ ပရီးမီးယားလိဂ်ပြိုင်ပွဲအဖြစ် စတင်အသွင်ပြောင်းခဲ့တဲ့ ၁၉၉၂-၉၃ ရာသီမှာ အင်္ဂလန်ကစားသမားတွေ ပွဲထွက်ခွင့်ရရှိမှုက (၆၉%)ရှိပြီး ဆယ်စုနှစ်တစ်ခုအကြာ ၂၀၀၂-၀၃ မှာ (၃၈%)အထိ လျော့ကျခဲ့ကာ ပြီးခဲ့တဲ့ ၂၀၁၂-၁၃ ရာသီမှာတော့ (၃၂%)အထိ ကျဆင်းသွားခဲ့ပါတယ်။ အသက်(၂၁)နှစ်အောက် လူငယ်ကစားသမားတွေ ပရီးမီးယားလိဂ်မှာကစားခွင့်ရရှိမှုက ပြီးခဲ့တဲ့ရာသီမှာ မိနစ်အလိုက် ဖျမ်းမျှခြင်းချကြည့်ရင် (၂.၃%)ပဲ ရှိခဲ့ပါတယ်။ ဒီပမာဏဟာ ဘွန်ဒစ်လီဂါမှာ (၆.၂%)၊ ပြင်သစ်လီဂူးမှာ (၇.၃%)တို့နဲ့ယှဉ်ရင်တော့ များစွာကွာခြားနေခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၂)နှစ်က ပရီးမီးယားလိဂ်ကလပ်တွေ အင်္ဂလန်ကစားသမားသစ်တွေခေါ်ယူရာမှာ အင်္ဂလန်အသင်းအတွက် ကစားခွင့်ရရှိခဲ့မှုနှုန်းက (၃၇%)ရှိခဲ့ပြီး ၂၀၁၁-၁၂ နွေရာသီမှာ (၂၈%)နဲ့ ၂၀၁၂-၁၃ နွေရာသီမှာ (၂၅%)အထိ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။ Deloitte က ထုတ်ပြန်တဲ့စာရင်းမှာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်မှာ ပရီးမီးယားလိဂ်ကလပ်အသင်းတွေ အသုံးပြုခဲ့တဲ့ စုစုပေါင်းပမာဏက ပေါင်(၆၃၀)သန်းရှိခဲ့ပြီး ပြည်ပကလပ်တွေက နိုင်ငံခြားသားကစားသမား ခေါ်ယူမှုအသုံးစရိတ် ပေါင်(၄၉၀)သန်းအထိ ရှိခဲ့ကာ အင်္ဂလန်ကစားသမားတွေအတွက်တော့ (၉%)လောက်ပဲ သုံးစွဲခဲ့ပါတယ်။ အင်္ဂလန်ကစားသမားခေါ်ယူမှုအရေအတွက်က (၃၂)ဦးရှိခဲ့ပြီး (၂၂%)သာရှိခဲ့ပါတယ်။ အင်္ဂလန်ဘောလုံးလောကမှာ အင်္ဂလန်ကစားသမားအရင်းအမြစ်ကျဆင်းမှုတင်မကဘဲ နည်းပြပိုင်းမှာလည်း အရေအတွက်တွေ လျော့ကျနေခဲ့ပါတယ်။ အင်္ဂလန်မှာ ပရိုလိုင်စင်ကိုင်ထားတဲ့ နည်းပြ (၂၀၃)ဦးသာရှိခဲ့ပြီး စပိန်က (၂၁၄၀)ဦး၊ ဂျာမနီက (၁၀၀၀)ကျော်တို့ထက် များစွာလျော့နည်းနေခဲ့ပါတယ်။

## အင်္ဂလန်ကော်မရှင်

အင်္ဂလန်လက်ရွေးစင်အသင်း အနာဂတ်နဲ့ပတ်သက်ပြီး အကောင်းဆုံးနည်းလမ်းတွေရှာဖွေနိုင်ဖို့ FA က ဦးဆောင်ကာ ကော်မရှင်တစ်ခုဖွဲ့စည်းထားတာပါ။ ဒီကော်မရှင်မှာ အင်္ဂလန်မှာရှိတဲ့ ဘောလုံးအဖွဲ့အစည်းတွေက ထိပ်ပိုင်းတာဝန်ရှိသူအပြင် အင်္ဂလန်ဘောလုံးလောကအတွင်း ထင်ပေါ်ကျော်ကြားသူတွေ ပါဝင်နေတာဖြစ်ပါတယ်။ မကြာသေးမီရက်ပိုင်းအတွင်းကပဲ FA ဥက္ကဋ္ဌ ဂရက်ဒိုက်အဆိုတင်သွင်းခဲ့တဲ့ အင်္ဂလန်လူငယ်တွေအတွက် သီးခြားလိဂ်ပြိုင်ပွဲတစ်ခု ကျင်းပသွားဖို့အစီအစဉ်ကို ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးခဲ့ကြပါတယ်။ အင်္ဂလန်မှာ လူငယ်တွေအတွက် FA Youth Cup လို ဖလားပြိုင်ပွဲမျိုးသာရှိပြီး စပိန်၊ ဂျာမနီ၊ ပြင်သစ်နဲ့ ဟော်လန်တို့မှာလို သီးခြားလိဂ်ပြိုင်ပွဲမျိုးမရှိပါဘူး။ လူငယ်တွေအတွက် အရန်အသင်းလိဂ်ပြိုင်ပွဲကျင်းပခွင့်ရရေး အတည်ပြုချက်ရဖို့အချိန်ပေးရဦးမှာဖြစ်ပေမယ့် FA ရဲ့ (၁၀)နှစ် စီမံကိန်းအရ ဒီလိဂ်ပြိုင်ပွဲက မြန်မြန်ဆန်ဆန်ပဲ အကောင်အထည်ပေါ်လာဖို့ရှိပါတယ်။ ဂရက်ဒိုက်သွားချင်တဲ့ ပုံစံကတော့ (၂)မျိုးကွဲနေပါတယ်။ လက်ရှိ စတုတ္ထတန်းအဆင့် League Two နဲ့ ပဉ္စမတန်းအဆင့် Conference တန်းကြားမှာ အရန်အသင်းလိဂ်ပြိုင်ပွဲကို ထည့်သွင်းမယ့်ပုံစံနဲ့ League Two၊ Conference တန်းကအသင်းတွေအပြင် အရန်အသင်းတွေကို ပေါင်းကာ လိဂ်ပြိုင်ပွဲ(၂)ခု ဖန်တီးမယ့်ပုံစံပါ။ ဂရက်ဒိုက်ရဲ့အဆိုကို ထောက်ခံမှုတွေရှိသလို ဝေဖန်မှုတွေလည်း များစွာထွက်ပေါ်ခဲ့တာပါ။ လိဂ်ပြိုင်ပွဲတွေကြား တန်းဆင်းတန်းတက်၊ အရန်လိဂ်ပြိုင်ပွဲကို အသက်ကန့်သတ်ချက်ဘယ်လောက်ထားမှာလဲ စတဲ့အခက်အခဲတွေကလဲ ဒုနဲ့ဒေးပါပဲ။ BBC သတင်းဌာနက ပြုလုပ်ခဲ့တဲ့ စစ်တမ်းတစ်ခုမှာ အသင်းပိုင်ရှင်နဲ့ရှယ်ယာရှင် (၃၀၀)ဦးကျော်လောက်က ဒီလိဂ်ပြိုင်ပွဲကို ထောက်ခံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပရီးမီးယားလိဂ်ကလပ်အသင်းတွေကို ထိန်းချုပ်ဖို့မလွယ်တဲ့ FA အနေနဲ့ အရန်အသင်းလိဂ်ပြိုင်ပွဲကအသက်ရှူထွက်ပေါက်တစ်ခုဖြစ်လာနိုင်သလို၊ သင့်တော်တဲ့နည်းလမ်းတစ်ခုပါပဲ။ လက်ရှိအချိန်မှာတော့ အောက်ခံFoundationကောင်းမှ ဗိုဒိုင်မာမယ်ဆိုတဲ့အယူအဆကို FAက တဖြည်းဖြည်းနဲ့စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ် . . .

Premier ELEVEN

| |
|---|
| **အယ်ဒီတာချုပ်** |
| မြတ်ထွဋ်ဝင်း |
| **အကြီးတန်းအယ်ဒီတာ** |
| ဟိန်းမောင်မောင် ၊ ဝေယံလင်း |
| **အယ်ဒီတာအဖွဲ့ဝင်များ** |
| ဆက်ပိုင်စိုး |
| **သတင်းထောက်** |
| စိုးညီညီရှိန် |
| **ပုံနှိပ်သူအမည်** |
| ဒေါက်တာသိန်းမြင့် |
| **မှတ်ပုံတင်အမှတ်** |
| ယာယီ - ၁၁၅၆၆ |
| **ပုံနှိပ်တိုက်အမည်** |
| Eleven Press |
| **ပုံနှိပ်စက်တည်နေရာ** |
| အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| **ထုတ်ဝေသူ** |
| Eleven Media Group |
| **မှတ်ပုံတင်အမှတ်** |
| ယာယီ - ၀၄၇၀၈ |
| **စာပေတိုက်အမည်** |
| Eleven Media Group |
| **စာပေတိုက်တည်နေရာ** |
| အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈ |


Photo : AFP

## ဖီးလ်ဂျုံးစ်အား ဆေးရုံသို့ တင်ပို့ခဲ့ရ

မန်ယူနှင့် ဟားလ်စီးတီးတို့က စားခဲ့သောပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော မန်ယူနောက်ခံလူဖီးလ်ဂျုံးစ်အား ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရှိရသည်။ ဖီးလ်ဂျုံးစ်(၂၂နှစ်)သည် ပွဲချိန်(၂၂)မိနစ်တွင် ဟားလ်စီးတီး နောက်ခံလူ ဖီဂွယ်ရိုအာနှင့် ထိခိုက်မိရာမှ ပခုံးတွင် ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။ ယာယီနည်းပြ ရိုင်ယန်ဂစ်က "ဖီးလ်ဂျုံးစ်ကို ကျွန်တော်တို့ ဆေးရုံကိုတင်ပို့ခဲ့ရပါတယ်။ သူ့ရဲ့ပုခုံးဝန်းကျင်မှာ ဒဏ်ရာရရှိသွားတာဖြစ်ပြီးဆေးစစ်ချက်ကိုစောင့်နေပါတယ်။ သူပြန်ကောင်းလာဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

## အခြားအင်္ဂလန်ကလပ်များ၌ ဝင်းဂါးနည်းပြမည်မဟုတ်

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက သူသည် အာဆင်နယ်အသင်းမှလွဲ၍အခြား မည်သည့် အင်္ဂလန်ကလပ်အသင်းကိုမှ နည်းပြမည်မဟုတ်ဟု ပြောကြားလိုက်သည်။ ယခုနှစ်နွေရာသီတွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးဖွယ်ရှိနေသည့် ဝင်းဂါးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး အကယ်၍အာဆင်နယ်မှ ထွက်ခွာပါက ဂျာမနီအသင်းတစ်သင်းသင်းတွင်သွားရောက်နည်းပြဖွယ်ရှိကြောင်းလည်း သူ၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

## နောက်တန်းကို လီဗာပူးလ် အားဖြည့်တော့မည်

လီဗာပူးလ်အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်း၏နောက်တန်းကို အဓိကအားဖြည့်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ လီဗာပူးလ်အသင်းသည် ယခုနှစ်ပရီးမီးယားလိဂ်တွင် (၉၉) ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်တန်းက (၄၉)ဂိုးပေးခဲ့ရကာ ထိပ်ဆုံး(၅)သင်းတွင် ပေးဂိုးအများဆုံးဖြစ်နေသည်။ လီဗာပူးလ်နည်းပြ ရော်ဂျာသည် ကာဒစ်ဖ်နောက်ခံလူ ကော်လ်ကာ၊ ရှော်လ်ကာ နောက်ခံလူ ပါပါဒိုပူးလော့စ်အစရှိသည့် ကစားသမားများကို ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သိရသည်။

## မန်ယူမှထွက်မည့် ရည်ရွယ်ချက်ကို ဝဲလ်ဘက်စွန့်လွှတ်

မန်ယူအသင်း၏တိုက်စစ်မှူး ဝဲလ်ဘက်သည် မန်ယူအသင်းမှ ထွက်ခွာမည့်ရည်ရွယ်ချက်ကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ အသက်(၂၃)နှစ်အရွယ်ဝဲလ်ဘက်သည် မန်ယူနည်းပြရာထူးမှ မိုယက်စ် ထုတ်ပယ်မခံရမီက အသင်းမှထွက်ခွာခွင့်တောင်းရန် စီစဉ်နေသူဖြစ်သည်။ ယခုမန်ယူနည်းပြရာထူးမှ မိုယက်စ်ကို ထုတ်ပယ်ခဲ့ပြီးဖြစ်ရာ ဝဲလ်ဘက်သည် မန်ယူတွင်ဆက်ကစားရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

# အိုးလ်ထရက်ဖို့ဒ် နောက်ဆုံးပွဲတွင် ယာယီနည်းပြ ဂစ် ကစားသမား အဖြစ် ပါဝင်ကစားခဲ့ပြီး ဗီဒစ်လည်း ပရိသတ်များကို နှုတ်ဆက်

ပြီးခဲ့သည့် အင်္ဂါနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲကျန် မန်ယူ-ဟားလ်စီးတီးပွဲတွင် မန်ယူအသင်း၏ ယာယီနည်းပြ ရိုင်ယန်ဂစ်သည် ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပြီး အသင်းခေါင်းဆောင်ဗီဒစ်ကလည်း မန်ယူပရိသတ်များကို နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ ယင်းပွဲမှာ ယခုရာသီ မန်ယူအသင်း၏ အိမ်ကွင်းနောက်ဆုံးပွဲစဉ်ဖြစ်ပြီး ကစားသမားဘဝမှ အနားယူရန် သေချာသလောက်ရှိနေသည့် ဂစ်က မန်ယူကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားသွားခဲ့ခြင်းဖြစ်သလို၊ အသင်းမှထွက်ခွာတော့မည့် နောက်ခံလူ ဗီဒစ်ကလည်း မန်ယူပရိသတ်များကို နောက်ဆုံးအိမ်ကွင်းပွဲစဉ်အဖြစ် နှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ဗီဒစ်သည် ရာသီကုန်တွင် စီးရီးအေကလပ် အင်တာမီလန်အသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိထားသူဖြစ်ပြီး ၎င်းက မန်ယူပရိသတ်များအား သူ၏နှလုံးသားသည် အိုးလ်ထရက်ဖို့ဒ်တွင်သာ အမြဲရှိနေမည်ဟု ပြောကြားခဲ့သည်။ ၂၀၀၆ ခုနှစ်က ရုရှားကလပ် စပါးတပ်မော်စကိုမှ ရောက်ရှိလာသော ဗီဒစ်သည် မန်ယူအသင်းတွင် (၈) နှစ်ကြာ ကစားခဲ့သူဖြစ်ပြီး အသင်းဒါရိုက်တာတစ်ဦးဖြစ်သူ ဂန်ဝင်ကစားသမားဟောင်း ဆာဘော်ဘီချာလ်တန်ကလည်း ဗီဒစ်အား ကွင်းထဲသို့ဆင်းကာ အမှတ်တရလက်ဆောင်ပစ္စည်းတစ်ခု ပေးခဲ့သည်။

ဗီဒစ်က "ရုပ်ပိုင်းဆိုင်ရာအရတော့ ကျွန်တော်ဟာ ဒီအသင်းကထွက်ခွာသွားတာမှန်ပေမယ့် ကျွန်တော့်ရဲ့ နှလုံးသားကတော့ ဒီမှာပဲကျန်နေရစ်ခဲ့မှာပါ။ ကျွန်တော်ဒီမှာ နှစ်ပေါင်းများစွာဖြတ်သန်းခဲ့ပြီး ထူးခြားတဲ့ ပုဂ္ဂိုလ်များစွာနဲ့ လက်တွဲခဲ့ရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ ဗီဒစ်သည် မန်ယူအသင်းတွင် ကစားခဲ့သော (၈)နှစ်အတွင်း ပရီးမီးယားလိဂ်ဖလား (၅)လုံး၊ ချန်ပီယံလိဂ်ဖလား (၁)လုံးနှင့် လိဂ်ဖလား (၃)လုံးရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ် ဗီဒစ်အတွက် မန်ယူယာယီနည်းပြ ရိုင်ယန်ဂစ်က ဆုတောင်းစကားပြောကြားပေးခဲ့ပြီး သူ၏အနာဂတ်အတွက်မူ အတိအကျမဆုံးဖြတ်ရသေးကြောင်းလည်း ဝန်ခံခဲ့သည်။ ရိုင်ယန်ဂစ်က "ကျွန်တော်လက်ရှိအချိန်ထိတော့ ဘာမှမဆုံးဖြတ်ရသေးပါဘူး။ ရာသီကုန်ပြီး အားလပ်ရက်အနားယူပြီးမှ ဘာတွေဖြစ်လာမလဲ ပဲ စောင့်ကြည့်ကြတာပေါ့"ဟု ပြောကြားခဲ့သည်။

ရိုင်ယန်ဂစ်အား မန်ယူအသင်း ချုပ်ဆိုထားသည့် စာချုပ်မှာ ယခုရာသီကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး သူ့အားကစားသမားတစ်ဦးအဖြစ် ဆက်လက်စာချုပ်တော့မည်မဟုတ်ဘဲ ရာသီကုန်တွင် နာမည်ကြီးနည်းပြတစ်ဦးကို ခန့်အပ်ပြီးပါက လက်ထောက်နည်းပြအဖြစ် ထားရှိမည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။ လက်ရှိတွင် မန်ယူအသင်းသည်ဟော်လန်နည်းပြ ဗန်ဟားလ်နှင့် အကြိုသဘောတူညီမှုရယူထားကြောင်းလည်း ဒတ်ချ်သတင်းစာများက ဖော်ပြနေကြသည်။




ပရိသတ်များကို နှုတ်ဆက် စကားပြောကြားနေသည့် ဗီဒစ်

ရိုင်ယန်ဂစ်လူစားထိုးဝင်ရောက်လာစဉ် >>>

# ယာနူဇေး တက်နင်းခံရခြင်းအတွက် ဂစ်ဒေါသထွက်နေပြီး ၎င်းအားကာကွယ်ပေးရန် ဒိုင်များကို တောင်းဆို

ပြီးခဲ့သည့် အင်္ဂါနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲကျန် မန်ယူ-ဟားလ်စီးတီးပွဲတွင် မန်ယူကွင်းလယ်လူ ယာနူဇေးအား ဟားလ်စီးတီးကွင်းလယ်လူ မေလာက တက်နင်းခဲ့ရာ ယင်းလုပ်ရပ်အတွက် မန်ယူ ယာယီနည်းပြ ရိုင်ယန်ဂစ်မှာ ဒေါသထွက်နေကြောင်း သိရှိရသည်။

ကွင်းဘေးစည်းအနီးလဲကျနေသော ယာနူဇေး၏ ခြေသလုံးကို မေလာက တက်နင်းခဲ့ခြင်းဖြစ်ပြီး ယင်းပွဲ၏ဒိုင်လူကြီး ခရိတ်ပေါ်ဆန်က မြင်တွေ့ခြင်းမရှိ၍ အရေးမယူခဲ့ပေ။ ယာနူဇေးသည် ယမန်နှစ်နိုဝင်ဘာလအတွင်းကကစားခဲ့သော ဖူလ်ဟမ်-မန်ယူပွဲစဉ်တွင်လည်း ဖူလ်ဟမ်ကစားသမား ရီသာ၏ တက်နင်းမှုကို ခံခဲ့ရဖူးပြီး ထိုစဉ်က ရီသာမှာ FA ၏ စွဲချက်တင်ခြင်းကို ခံခဲ့ရကာ (၃)ပွဲ ပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ရိုင်ယန်ဂစ်က ဒိုင်လူကြီးများအနေဖြင့် ယာနူဇေးအပေါ် ကာကွယ်ပေးမှုလိုအပ်နေကြောင်း ပွဲအပြီးတွင်ဝေဖန်ပြောကြားခဲ့သည်။ ယာနူဇေးအား တက်နင်းခဲ့သူ မေလာမှာလည်း FA ၏ ရုပ်သံပြကွက်များဖြင့် ပြန်လည်စစ်ဆေးမှုကို ခံရဖွယ်ရှိနေကြောင်း သိရသည်။ အကယ်၍ သူ၏လုပ်ရပ်မှာ ထင်ရှားပါက ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိနေပြီးလာမည့် မေလ (၁၇) ရက်နေ့တွင် အာဆင်နယ်နှင့် ကစားရန်ရှိသော FA ဖလားဗိုလ်လုပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။ ❐



ယာနူဇေးအား မေလာ တက်နင်းလိုက်စဉ်

### BRIEF

❐ ဟားလ်စီးတီးနည်းပြ စတိဗ်ဘရုစ်က FA ဖလားဗိုလ်လုပွဲအတွက် ပထမကစားသမား (၁၁) ယောက်စာရင်းကို မိမိမဆုံးဖြတ်ရသေးဟု ပြောကြားခဲ့သည်။

❐ ဘာစီလိုနာအသင်းခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသော လီဗာပူးလ်အသင်းနည်းပြ ဘရန်ဒန်ရော်ဂျာသည် လီဗာပူးလ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေကြောင်းသိရသည်။

❐ ဆွမ်ဆီးအသင်းသည် အာဆင်နယ်၊ အဲဗာတန်အသင်းများက စိတ်ဝင်စားနေသော ၎င်းတို့၏ တိုက်စစ်မှူး ဘိုနီအတွက် ပြောင်းရွှေ့ကြေးအား ပေါင်သန်း(၂၀) သတ်မှတ်လိုက်ကြောင်းသိရသည်။

❐ အာဆင်နယ်အသင်းသည် ရက်ဒင်း၏ဂိုးသမား အဲလက်စ်မက္ကာသီအားအသင်းနှင့် လမ်းခွဲတော့မည့် ဖေဘီယန်စကီး၏နေရာတွင်အစားထိုးရန်စီစဉ်နေသည်။

Premier Eleven Sports Journal Vol:11 No.37 11, May, 2014

## SHORT

❐ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက မိမိတို့အာဆင်နယ်အသင်းသည် ချယ်လ်ဆီးသို့ရောက်ရှိနေသည့် ဘယ်လ်ဂျီယံကွင်းလယ်လူ ဟာဇက်ကိုခေါ်ယူရန် အလွန်နီးစပ်သောအနေအထားသို့ ရောက်ရှိခဲ့ဖူးကြောင်းပြောကြားခဲ့သည်။ ဝင်းဂါးက အာဆင်နယ်အသင်းသည် ချယ်လ်ဆီးအသင်း၏ ငွေကြေးသုံးစွဲမှုမျိုးကို မပြုလုပ်နိုင်၍သာ ဟာဇက်ကို မခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံခဲ့သည်။

❐ ချယ်လ်ဆီး၊ မန်စီးတီးအသင်းများတွင် ကစားခဲ့သော နောက်ခံလူဝိန်းဘရစ်ချ်သည်ကစားသမားဘဝမှ အနားယူတော့မည် ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အသက်(၃၃)နှစ်အရွယ် ဝိန်းဘရစ်ချ်သည် ၁၉၉၈ ခုနှစ်က ဆောက်သမ်တန်အသင်းတွင် ကစားသမားဘဝ စတင်ခဲ့သူဖြစ်ပြီး ချယ်လ်ဆီး၊ ဖူလ်ဟမ်၊ မန်စီးတီး၊ ဝက်စ်ဟမ်း၊ ဆန်းဒါးလန်း၊ ဘရိုက်တန်အသင်းများတွင်ကစားကာ လက်ရှိတွင် ရက်ဒင်းအသင်းသို့ ရောက်ရှိနေသူဖြစ်သည်။

❐ စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် မန်ယူတောင်ပံကစားသမား နာနီကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေသော်လည်း မန်ယူအသင်း နည်းပြသစ် ခန့်အပ်သည်အထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း သိရှိရသည်။ ဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းကလည်း နာနီကိုခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးပြီး ၎င်းဒဏ်ရာရရှိခဲ့၍ အပြောင်းအရွှေ့ကို နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

❐ အဲဗာတန်အသင်းသည် အသင်း၏ လူငယ်ကစားသမား ဂျွန်စတုန်းအား လစာငွေ မြင့်မားစွာဖြင့် စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။ ၎င်းအား အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူအသင်းများကခေါ်ယူရန်စိတ်ဝင်စားနေ၍ အဲဗာတန်အသင်းက အသင်းတွင်ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

# လီဗာပူးလ်အကောင်းဆုံးဆုများကို ဆွာရက်ဇ်သိမ်းကျုံးဆွတ်ခူး

## ပရိသတ်များရွေးချယ်သည့်ဆု၊ ကစားသမားအချင်းချင်း ရွေးချယ်သည့်ဆုနှင့် အကောင်းဆုံးဂိုးသွင်းရှင်ဆုများကို ရရှိ



ဆုပေးပွဲအပြီးတွင် လီဗာပူးလ် ကစားသမားဟောင်း ကင်နီဒဲလ်ဂလစ်နှင့် ဆွာရက်ဇ်အား တွေ့ရစဉ်

လီဗာပူးလ်အသင်း၏ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် လီဗာပူးလ်အသင်း၏ ၂၀၁၃-၁၄ ရာသီ အကောင်းဆုံးဆုများကို သိမ်းကျုံးရယူခဲ့ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်အင်္ဂါနေ့က လီဗာပူးလ်အသင်းသည် ယခုနှစ်ရာသီအတွက်အကောင်းဆုံးဆုပေးပွဲကို ကျင်းပခဲ့ရာ ဆွာရက်ဇ်သည် ပရိသတ်များ ရွေးချယ်သည့် Fan Player of the Year ဆု၊ ကစားသမားအချင်းချင်းရွေးချယ်သည့် Liverpool Players' Player of the Year ဆု၊ အကောင်းဆုံးဂိုးသွင်းရှင်ဆု(The Scorer of the Club's Goal of the Season) များကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရှိရသည်။

ဆွာရက်ဇ်သည် မကြာသေးမီက ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ်(PFA)မှချီးမြှင့်သည့် PFAအကောင်းဆုံး ကစားသမားဆုနှင့် ဘောလုံးကလောင်ရှင်များမှ ရွေးချယ်သည့် FWA အကောင်းဆုံးကစားသမားဆုများကို ဆွတ်ခူးရရှိခဲ့သူဖြစ်ရာ ယခုရာသီတွင် ဆွာရက်ဇ်ဆွတ်ခူးခဲ့သည့် အကောင်းဆုံးဆုမှာ (၅)ခု ရှိလာခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် တနင်္လာနေ့ကကစားခဲ့သော ခရစ္စတယ်ပဲလေ့စ် (၃-၃) လီဗာပူးလ်ပွဲအပြီးတွင် ငိုကြွေးခဲ့သော ဆွာရက်ဇ်အတွက် ယခုဆုပေးပွဲမှာ ဖြေသိမ့်စရာဖြစ်စေခဲ့သည်ဟု ဗြိတိန်သတင်းစာ Dailymail က ဖော်ပြခဲ့သည်။ ဆွာရက်ဇ်သည် ယခုရာသီ လီဗာပူးလ်အသင်းအတွက် ပြိုင်ပွဲစုံတွင် (၃၅)ပွဲကစားရာ၌(၃၁)ဂိုးသွင်းယူပေးခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုကို မျှော်လင့်နိုင်သည့် အခြေအနေရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ယင်းဆုပေးပွဲတွင် လီဗာပူးလ်တောင်ပံကစားသမား စတာလင်က အကောင်းဆုံးလူငယ်ကစားသမားဆုရရှိခဲ့ပြီး လီဗာပူးလ်နည်းပြ ဘရန်ဒန်ရော်ဂျာက အသင်းမှ ဂုဏ်ပြုချီးမြှင့်သည့် အထူးဂုဏ်ပြုဆုကို ရရှိခဲ့ကြောင်းသိရသည်။

| ကစားသမားဘဝတွင် ဆွာရက်ဇ်ရရှိခဲ့သည့် အဓိကတစ်ဦးချင်းဆုများ |
|---|
| PFA အကောင်းဆုံးဆု - ၁ ကြိမ်(၂၀၁၃-၁၄) |
| FWA အကောင်းဆုံးဆု - ၁ ကြိမ်(၂၀၁၃-၁၄) |
| ဟော်လန်လိဂ်အကောင်းဆုံးကစားသမားဆု - ၁ ကြိမ် (၂၀၀၉-၁၀) |
| တောင်အမေရိကအကောင်းဆုံးဘောလုံးသမားဆု - ၁ ကြိမ် (၂၀၁၁) |
| ဟော်လန်လိဂ်ဂိုးသွင်းဘုရင်ဆု - ၁ ကြိမ် (၂၀၀၉-၁၀) |
| ဟော်လန်ဖလား ဂိုးသွင်းဘုရင်ဆု - ၁ ကြိမ် (၂၀၀၉-၁၀) |
| အေဂျက်စ်အကောင်းဆုံးဘောလုံးသမားဆု - ၂ ကြိမ် (၂၀၀၈-၀၉၊ ၂၀၀၉-၁၀) |
| အေဂျက်စ်ဂိုးသွင်းဘုရင်ဆု - ၂ ကြိမ် (၂၀၀၈-၀၉၊ ၂၀၀၉-၁၀) |
| လီဗာပူးလ်အကောင်းဆုံးဘောလုံးသမားဆု - ၂ ကြိမ်(၂၀၁၂-၁၃၊ ၂၀၁၃-၁၄) |
| လီဗာပူးလ်ဂိုးသွင်းဘုရင်ဆု - ၂ ကြိမ် (၂၀၁၁-၁၂၊ ၂၀၁၂-၁၃) |

## UEFA ထံမှ ကြီးမားသည့်ဒဏ်ငွေကိုမန်စီးတီးခံရဖွယ်ရှိ

မန်စီးတီးအသင်းသည် ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA) ၏ဘဏ္ဍာရေးစည်းမျဉ်းကို ချိုးဖောက်ခဲ့ခြင်းအတွက် ကြီးမားသည့် ဒဏ်ငွေတစ်ရပ်ကို ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရှိရသည်။ PA Sports သတင်းဌာန၏ ဖော်ပြချက်အရ မန်စီးတီးအသင်းသည် ယူရိုသန်း (၆၀)(ပေါင် ၄၉သန်းခန့်)ကို ဒဏ်ငွေအဖြစ်ပေးဆောင်ရဖွယ်ရှိနေကြောင်း သိရသည်။ ထို့အပြင် လာမည့်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် လူစာရင်းတင်သွင်းရာတွင်လည်း လျှော့ချခံရဖွယ်ရှိနေပြီး ပုံမှန်(၂၅)ဦးတင်သွင်းရမည့်အစား (၂၁)ဦးသို့ လျှော့ချခံရဖွယ်ရှိနေကြောင်း သိရှိရသည်။

## မိမိထက် ဆေးလ်ဗားက ပိုကောင်းဟု ဒင်းနစ်လော ချီးကျူး

မန်ယူအသင်း၏ ဂန္တဝင်ကစားသမားတစ်ဦးဖြစ်သူ ဒင်းနစ်လောက မြို့ခံပြိုင်ဘက် မန်စီးတီးအသင်း၏တောင်ပံကစားသမား ဒေးဗစ်ဆေးလ်ဗားသည် မိမိထက်ခြေစွမ်းပိုမိုကောင်းမွန်သည့်ကစားသမားတစ်ဦးဖြစ်သည်ဟု ချီးကျူးပြောကြားခဲ့သည်။ ဒင်းနစ်လောက မန်ယူ၏ ခါးသီးသောပြိုင်ဘက် မန်စီးတီးအသင်း၏ ကစားသမားတစ်ဦးကို ရားရှားပါးပါးချီးကျူးခဲ့ခြင်းဖြစ်ပြီး သူသည် ဒေးဗစ်ဆေးလ်ဗားကစားသည့်ပွဲများကို အမြဲစောင့်ကြည့်လေ့ရှိကြောင်းလည်း ဝန်ခံခဲ့သည်။

## တယ်ရီကို ပြန်ရွေးခွင့်ရသော်လည်း ဟော့ဒ်ဆန် ငြင်းဆန်

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြဖြစ်သူ ရွိုင်းဟော့ဒ်ဆန်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့်အင်္ဂလန်အသင်းတွင် အသင်းခေါင်းဆောင်ဟောင်း တယ်ရီကို ရွေးချယ်ခွင့်ရရှိခဲ့သော်လည်း ငြင်းဆန်ခဲ့ကြောင်း သိရှိရသည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)ဥက္ကဋ္ဌ ဂရက်ဒိုက်သည် တယ်ရီကို ရွေးချယ်လိုပါက ရွေးချယ်နိုင်ကြောင်းနှင့် ပြဿနာမရှိကြောင်း ဟော့ဒ်ဆန် ထံသို့ အသိပေးခဲ့ရာတွင် ဟော့ဒ်ဆန်က သူ့အနေဖြင့် တယ်ရီကိုရွေးချယ်တော့မည်မဟုတ်ဟု ဂရက်ဒိုက်ထံ အကြောင်းပြန်ခဲ့ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

# ဆောက်သမ်တန်အသင်း၏ အကောင်းဆုံးဆုပေးပွဲတွင် အသင်းခေါင်းဆောင် လယ်လာနာ ဆု(၄)ခုအထိ ဆွတ်ခူး

ပရီးမီးယားလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် ၂၀၁၃-၁၄ ဘောလုံးရာသီအတွက် အကောင်းဆုံးဘောလုံးသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဆောက်သမ်တန်အသင်းခေါင်းဆောင် လယ်လာနာသည် ဆု(၄)ခုအထိ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အင်္ဂလန်လက်ရွေးစင် ကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသူ လယ်လာနာသည် ပရိသတ်များရွေးချယ်သည့် Fan Player of the Season ဆု၊ ကစားသမားအချင်းချင်းရွေးချယ်သည့် Players' Player of the Season ဆု၊ အကောင်းဆုံးဂိုးသွင်းရှင်ဆု(The Scorer of the Goal of the Season)ဆု၊ အဝေးကွင်းလိုက်ပါအားပေးသည့် ဆောက်သမ်တန်ပရိသတ်အဖွဲ့အစည်းဖြစ်သော Sai-nts Travel Clubမှ ချီးမြှင့်သည့် အဝေးကွင်းအကောင်းဆုံးကစား သမားဆု (Away Player of the Year) ဆုများကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ပရိသတ်များက အကောင်းဆုံးဆုအတွက် ဆန္ဒမဲပေးရာတွင် လယ်လာနာသည် (၅၈.၆၆)ရာခိုင်နှုန်းရရှိကာ ပထမနေရာ၌ရပ်တည်ခဲ့ပြီး တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်က (၂၂.၂၃)ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ကွင်းလယ်လူ ဂျက်ကော့ဘ်က(၄.၈၄) ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် အသီးသီးရပ်တည်ခဲ့ကြောင်း သိရှိရသည်။ လယ်လာနာသည် ပရီးမီးယားလိဂ်ကလပ်အသင်းကြီးဖြစ်သည့် လီဗာပူးလ်အသင်း၏ စိတ်ဝင်စားမှုကိုလည်း ခံနေရသူဖြစ်ပြီး ၎င်းက ဆောက်သမ်တန်အသင်းတွင် သူ၏ အနာဂတ်ဆက်ရှိသွားမည်ဖြစ်ကြောင်းနှင့် အသင်းအတွက် ဆက်လက်ကစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ "ဒီကလပ်ဟာ ကျွန်တော့်အတွက်ကမ္ဘာတစ်ခုပါပဲ၊ ဒီအသင်းမှာ ကျွန်တော်(၁၂)နှစ်သားကတည်းက ကစားခဲ့တာပါ။ ဒီအသင်းတိုးတက်အောင် ကျွန်တော်အမြဲကြိုးစားသွားမှာပါ"ဟု လယ်လာနာက ပြောကြားခဲ့သည်။

၀



# ပရီးမီးယားလိဂ်အသင်းများ၏ ရုပ်သံဝင်ငွေ ယမန်နှစ်ရာသီကထက် များစွာတိုးမြင့်လာ

## ဇယားအောက်ဆုံးမှအသင်းပင် ယမန်နှစ်က ချန်ပီယံမန်ယူထက် ပိုမိုရရှိမည်

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရုပ်သံဝင်ငွေများမှာ ယခင်ကထက် အဆများစွာတိုးမြင့်လာရာ ပရီးမီးယားလိဂ်ကလပ်အသင်းအားလုံးသည် ယမန်နှစ်ရာသီထက် အလွန်များပြားသည့် ရုပ်သံဝင်ငွေများကို ခံစားရမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုနှစ်ရာသီ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်မည့်အသင်းမှာ ရုပ်သံဝင်ငွေ ပေါင်(၉၅)သန်းရရှိမည်ဖြစ်ပြီး ဇယားအောက်ဆုံးမှ အသင်းမှာပေါင်(၆၃)သန်းရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယမန်နှစ်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံမန်ယူအသင်းမှာ ရုပ်သံဝင်ငွေ ပေါင်(၆၀.၈)သန်းသာ ရရှိခဲ့ရာယခုနှစ်ရာသီတွင် တန်းဆင်းဇုန် အဆင့်(၂၀)မှ အသင်းရရှိမည့်ဝင်ငွေမှာ ယမန်နှစ်ရာသီက ချန်ပီယံအသင်းထက် ပိုမိုများပြားနေခြင်းလည်းဖြစ်သည်။ ယခုနှစ်ရာသီ ချန်ပီယံအသင်းမှာ ယမန်နှစ်ရာသီ ချန်ပီယံအသင်းထက် ပေါင်(၃၅)သန်းခန့်ပိုမိုရရှိမည်ဖြစ်ပြီး ယခုနှစ်ရာသီအဆင့်(၂၀)မှ အသင်းရရှိမည့် ရုပ်သံဝင်ငွေမှာ ယမန်နှစ်ရာသီ အဆင့်(၂၀) QPR အသင်းရရှိသည့် ရုပ်သံဝင်ငွေထက် ပေါင်(၂၄)သန်းခန့်ပိုမိုရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းကဲ့သို့ ရုပ်သံဝင်ငွေများ ယခင်ကထက် ပိုမိုရရှိခြင်းမှာ ပရီးမီးယားလိဂ်တွင်အသစ်ချုပ်ဆိုလိုက်သော ပေါင်(၅.၅)ဘီလျံတန်ဖိုးရှိသည့် ရုပ်သံစာချုပ်များကြောင့်ဖြစ်ကြောင်း သိရှိရသည်။

မြောက်မြားစွာရရှိမည့် ယင်းရုပ်သံဝင်ငွေများမှာ ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ ဘဏ္ဍာရေးအခြေအနေကို များစွာအထောက်အကူပေးမည်ဖြစ်သလို လာမည့်နွေရာသီ ကစားသမားသစ်ခေါ်ယူမှုများအတွက်လည်း အဓိကအထောက်အပံ့များဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် တစ်စတစ်စတိုးမြင့်လာသည့် ကစားသမားများ၏ လစာငွေများအတွက်လည်း ရုပ်သံဝင်ငွေများက အထောက်အကူဖြစ်လာမည်ဖြစ်သည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြည်တွင်းနှင့် ပြည်ပရုပ်သံစာချုပ်များမှာယခင်နှစ်ရာသီကထက် တန်ဖိုးများစွာတိုးမြင့်လာပြီး ပြည်တွင်းစာချုပ်များမှာ (၆၀)ရာခိုင်နှုန်းခန့်တိုးမြင့်လာသလို၊ ပြည်ပစာချုပ်များမှာ (၇၀)ရာခိုင်နှုန်းခန့်တိုးမြင့်လာကြောင်း သိရှိရသည်။

### ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ ရုပ်သံခွဲဝေမှုပုံစံ

* အသင်းတိုင်းကို ၎င်းတို့ရပ်တည်မှုအဆင့်အလိုက် ရုပ်သံဝင်ငွေ ခွဲဝေပေးသွားမည်ဖြစ်ပြီး အနိမ့်ဆုံး ပေါင် (၁.၂)သန်းမှ အမြင့်ဆုံး ပေါင် (၂၄)သန်းအထိ ရရှိမည်ဖြစ်သည်။

* တိုက်ရိုက်ထုတ်လွှင့်သည့်ပွဲတစ်ပွဲအတွက် ပါဝင်သည့်အသင်းကို ထုတ်လွှင့်ခ ပေါင်(၇)သိန်းခွဲပေးသွားမည်ဖြစ်ပြီး အသင်းများမှာ အနိမ့်ဆုံး ပေါင် (၇.၅)သန်းခန့် ရရှိမည်ဖြစ်သည်။

* ပြည်တွင်းရုပ်သံစာချုပ်များမှ ဝင်ငွေကို အသင်း(၂၀)အား အညီအမျှခွဲဝေပေးသွားမည်ဖြစ်သည်။ ပြည်တွင်းရုပ်သံစာချုပ်မှာ ယခင်ကထက်(၆၀)ရာခိုင်နှုန်းခန့် တန်ဖိုးပိုမြင့်လာပြီး တစ်သင်းလျှင်ပေါင်(၂၃)သန်းခန့်စီ ရရှိမည်ဖြစ်သည်။

* ပြည်ပရုပ်သံစာချုပ်များမှ ဝင်ငွေများကိုလည်း အညီအမျှခွဲဝေပေးသွားမည်ဖြစ်သည်။ ပြည်ပရုပ်သံစာချုပ်များမှာ ယခင်ကထက် (၇၀)ရာခိုင်နှုန်းခန့်တန်ဖိုးပိုမြင့်လာပြီး တစ်သင်းလျှင်ပေါင်(၃၂)သန်းခန့်စီရရှိမည်ဖြစ်သည်။



ပြီးခဲ့သည့်ရာသီ ပရီးမီးယားလိဂ်ချန်ပီယံ မန်ယူ

### ပိုချက်တီနိုကို ဆောက်သမ်တန် စာချုပ်သက်တမ်းတိုးမည်

ဆောက်သမ်တန်အသင်းသည် ၎င်းတို့၏နည်းပြပိုချက်တီနိုကို ယခုနှစ်ရာသီကုန်တွင် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အသက်(၄၂)နှစ်သာရှိသေးသူ ပိုချက်တီနိုသည် ယခုနှစ်ရာသီတွင် ဆောက်သမ်တန်အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ခဲ့သူဖြစ်သည်။ ပိုချက်တီနိုအား စပါးအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသဖြင့် ဆောက်သမ်တန်အသင်းမှာ ၎င်းကိုစာချုပ်သက်တမ်းတိုးရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး ပိုချက်တီနိုအပြင် အသင်းမှအဓိက ကစားသမားအချို့ကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

### လူးဝစ်ဇ်ကို ဘာစီလိုနာခေါ်ယူနိုင်မည်ဟု သတင်းထွက်ပေါ်

ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်းနောက်ခံလူဒေးဗစ်လူးဝစ်ဇ်အားခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဘရာဇီးလ်မီဒီယာများကဖော်ပြခဲ့သည်။ ဘရာဇီးလ်နိုင်ငံရှိ သတင်းဌာနတစ်ခုဖြစ်သည့် Agencia က လူးဝစ်ဇ်နှင့်ဘာစီလိုနာအသင်းတို့သည် ၂၀၁၉ခုနှစ်အထိ (၅)နှစ်သက်တမ်းရှိစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ယင်းစာချုပ်အရ လူးဝစ်ဇ်မှာတစ်နှစ်လျှင်ယူရို(၅.၅)သန်းရရှိမည်ဖြစ်ကြောင်း၊ ဘာစီလိုနာအသင်းအနေဖြင့် လူးဝစ်ဇ်၏ပြောင်းရွှေ့ကြေးပမာဏအတွက် ချယ်လ်ဆီးအသင်းနှင့်သဘောတူညီမှုရရှိရန်သာလိုတော့ကြောင်း ဖော်ပြခဲ့သည်။

### အဂ္ဂရိုထက် ဆွာရက်ဇ်ကို ရီးယဲလ်ခေါ်ယူလို

ရီးယဲလ်အသင်းသည် လာမည့်နွေရာသီတွင် တိုက်စစ်မှူးသစ်ခေါ်ယူရန် စီစဉ်နေပြီး မန်စီးတီးတိုက်စစ်မှူးအဂ္ဂရိုထက် လီဗာပူးလ်တိုက်စစ်မှူးဆွာရက်ဇ်ကိုသာ ခေါ်ယူရန်ပိုမိုဆန္ဒရှိနေကြောင်းသိရသည်။ ဆွာရက်ဇ်သည် ယခုနှစ်ရာသီအစက လီဗာပူးလ်အသင်းမှထွက်ခွာရန်နီးစပ်ခဲ့သူဖြစ်ပြီး ၎င်းအနေဖြင့် လာမည့်နွေရာသီတွင်အသင်းပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သတင်းများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသည်။ စပိန်မီဒီယာများ၏ဖော်ပြချက်အရ ရီးယဲလ်အသင်းအနေဖြင့် ဆွာရက်ဇ်ကို ယူရိုသန်း(၇၀)အထိပေး၍ကမ်းလှမ်းရန်စီစဉ်နေကြောင်းသိရသည်။

### BRIEF

❒ ဆွမ်ဆီးအသင်းသည် ယာယီနည်းပြဂယ်ရီမွန့်ခ်ကို (၃)နှစ်စာချုပ်ဖြင့် အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

❒ မန်ယူအသင်းကွင်းလယ်လူ ကာရစ်က ရာသီကုန်တွင်အသင်းမှထွက်ခွာတော့မည့် နောက်ခံလူ ဗီဒစ်အား မိမိတို့အမြဲတမ်းအမှတ်ရနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

❒ ချယ်လ်ဆီးအသင်းတွင် ရန်းကန်နေရသည့် တိုက်စစ်မှူးဒမ်ဘာဘားကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းက စိတ်ဝင်စားနေပြီး ရာသီကုန်တွင် ပေါင်(၈)သန်းဖြင့်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

❒ အာဆင်နယ်အသင်း နောက်ခံလူဆက်ဂ်နာသည် အသင်းမှတစ်ပတ်လုပ်ခပေါင်(၈)သောင်းဖြင့် စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလာမှုကို ငြင်းဆန်ဖွယ်ရှိနေပြီး အာဆင်နယ်အသင်းမှာ ၎င်းအား ပြိုင်ဘက်အသင်းများထံ လက်လွှတ်ရမည်ကိုစိုးရိမ်နေကြောင်းသိရသည်။

❒ တန်းဆင်းသွားပြီဖြစ်သည့် ဖူလ်ဟမ်နည်းပြမာဂတ်က အသင်းကိုပြင်ဆင်ပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ကွင်းအတွင်း ငိုကြွေးသည့်ကစားသမားများကို ပွဲပယ်ပြစ်ဒဏ်ချသင့်သည်ဟု ရောဘတ်ဟုသ် လှောင်ပြောင်

စတုတ်စီးတီးအသင်း၏ နောက်ခံလူ ရောဘတ်ဟုသ်က ဘောလုံးကွင်းအတွင်း ငိုကြွေးသည့်ကစားသမားများကို (၃)ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်သည်ဟု သူ၏ Twitter စာမျက်နှာ၌ လှောင်ပြောင်ရေးသားခဲ့သည်။

ပြီးခဲ့သည့်တနင်္လာနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ် ခရစ္စတယ်ပဲလေ့စ်-လီဗာပူးလ်ပွဲစဉ်တွင် လီဗာပူးလ်အသင်းသည် (၃)ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုး(၃)ဂိုးပြန်ပေးခဲ့ရကာ ပွဲအပြီးတွင် (၃-၃)ဂိုးဖြင့် သရေကျခဲ့သည်။ ယင်းပွဲတွင် ရမှတ်ဆုံးရှုံးခဲ့ခြင်းကြောင့် လီဗာပူးလ်အသင်း၏ ပရီးမီးယားလိဂ်ချန်ပီယံမျှော်လင့်ချက် လျော့နည်းသွားခဲ့ရာ ပွဲအပြီးတွင် လီဗာပူးလ်တိုက်စစ်မှူး ဆွာရက်ဇ်သည် အလွန်ဝမ်းနည်းစွာဖြင့် ကွင်းအတွင်း ငိုကြွေးခဲ့သည်။ ဆွာရက်ဇ်အား အသင်းခေါင်းဆောင်ဂျရတ်အပါအဝင် လီဗာပူးလ်ကစားသမားများက နှစ်သိမ့်မှုပြုလုပ်ခဲ့ပြီး ကွင်းအပြင်သို့ ခေါ်သွားခဲ့ရသည်။

ယခုဂျာမနီနောက်ခံလူ ရောဘတ်ဟုသ်ကယင်းဖြစ်ရပ်ကို ရည်ညွှန်းခဲ့ပြီး ကစားသမားများမှာ ကွင်းအတွင်းငိုကြွေးခဲ့လျှင် (၃)ပွဲပယ် ပြစ်ဒဏ်ကျခံရသင့်သည်ဟု ရေးသားခဲ့ခြင်းဖြစ်ပြီး ကွင်းအတွင်းငိုကြွေးခဲ့သည့် ဆွာရက်ဇ်ကို လှောင်ပြောင်ခနဲ့ခဲ့ခြင်းဖြစ်သည်။



ကွင်းအတွင်းငိုကြွေးနေသည့် ဆွာရက်ဇ်ကိုအသင်းဖော်များက နှစ်သိမ့်နေစဉ်

# ဘာစီလိုနာအသင်းနှင့် မက်ဆီ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်

## (၉)နှစ်အတွင်း (၇)ကြိမ်မြောက် စာချုပ်ချုပ်ခြင်းဖြစ်လာဖွယ်ရှိ



Photo : AFP

ဘာစီလိုနာအသင်းနှင့် အဓိကတိုက်စစ်မှူး မက်ဆီတို့သည် ယခုရက်သတ္တပတ်အတွင်း စာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း သိရသည်။ အကယ်၍ ထွက်ပေါ်နေသည့် သတင်းများအတိုင်း စာချုပ်သစ်ချုပ်ဆိုခဲ့ပါက (၉)နှစ်အတွင်း (၇)ကြိမ်မြောက် စာချုပ်ချုပ်ဆိုခြင်းဖြစ်လာမည်ဖြစ်သည်။ မက်ဆီသည် ဘာစီလိုနာအသင်း၏ နာမည်ကျော် လာမာစီယာ အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ်မှ စတင်ကာ ဘာစီလိုနာအသင်းတွင် ပရော်ဖက်ရှင်နယ်ကစားသမားစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက နောက်ဆုံးအကြိမ်အဖြစ် စာချုပ်သက်တမ်းတိုးထားသူလည်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် မက်ဆီတို့၏ စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအား ခေါ်ယူရန် မန်စီးတီး၊ PSG အသင်းများက ကြိုးပမ်းလျက်ရှိကြောင်း သတင်းများထွက်ပေါ်နေသဖြင့် ဘာစီလိုနာအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိခြင်းဖြစ်သည်။ ထို့ပြင် ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူကလည်း ပြီးခဲ့သည့်လအတွင်းက မက်ဆီအား စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း တရားဝင်ပြောကြားမှုများ ပြုလုပ်ခဲ့ဖူးသည်။ သို့သော် မက်ဆီနှင့် ဘာစီလိုနာအသင်းကြား တစ်နှစ်လစာငွေနှင့် ပုံရိပ်အသုံးပြုခ ညှိနှိုင်းမရသေးသဖြင့် စာချုပ်သက်တမ်းတိုးမည့်ကိစ္စမှာ ကြန့်ကြာလျက်ရှိသည်။ ဗုဒ္ဓဟူးနေ့ထုတ် စပိန်သတင်းစာ AS ကမူ ရက်ပိုင်းအတွင်း မက်ဆီနှင့် ဘာစီလိုနာအသင်းတို့၏ စာချုပ်သစ်ကိစ္စဆွေးနွေးမှုမှာ အပြီးသတ်လိမ့်မည်ဟု ရေးသားခဲ့ကြသည်။ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးပါက မက်ဆီသည် ဘောလုံးလောကတွင် တစ်နှစ်လစာငွေအများဆုံးရရှိသည့် ကစားသမားဖြစ်လာမည်လည်းဖြစ်သည်။

**မက်ဆီ၏ ပြီးခဲ့သည့်စာချုပ်(၆)ကြိမ်မှ အချက်အချို့**

| ခုနှစ် | မှတ်ချက် |
|---|---|
| ၂၀၀၅ | ပထမဆုံး ပရော်ဖက်ရှင်နယ်စာချုပ် |
| ၂၀၀၅ စက်တင်ဘာ | စာချုပ်ပါအချက်အလက်များ ပြင်ဆင် |
| ၂၀၀၇၊ ဇန်နဝါရီ | လျော်ကြေးယူရိုသန်း(၁၅၀)ဖြင့် ၂၀၁၄အထိသက်တမ်းတိုး |
| ၂၀၀၇၊ ဇွန် | တစ်နှစ်လစာယူရို(၈.၅)သန်းဖြင့် သက်တမ်းတိုး |
| ၂၀၀၉၊ စက်တင်ဘာ | လျော်ကြေးယူရိုသန်း(၂၅၀)၊ လစာယူရို(၁၁)သန်းဖြစ်လာ |
| ၂၀၁၃၊ ဖေဖော်ဝါရီ | တစ်နှစ်လစာယူရို(၁၆)သန်းဖြင့် ၂၀၁၈အထိ သက်တမ်းတိုး |

**ဝင်ငွေအကောင်းဆုံးကစားသမား(၅)ဦး**

| အမည် | တစ်နှစ်ဝင်ငွေ |
|---|---|
| မက်ဆီ(ဘာစီလိုနာ) | (၄၁)သန်း |
| စီရော်နယ်လ်ဒို(ရီးယဲလ်) | (၃၉.၅)သန်း |
| နေမာ(ဘာစီလိုနာ) | (၂၉)သန်း |
| ရွန်နီ(မန်ယူ) | (၂၄)သန်း |
| အီဘရာဟီမိုဗစ်(PSG) | (၂၃.၅)သန်း |

France Footballမဂ္ဂဇင်းမှ ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။

# စပိန်အခွန်တာဝန်ရှိသူများထံ ကာဆီးလက်စ် ယူရို(၁.၆)သန်းပေးခဲ့ရ

စပိန်အသင်းနှင့် ရီးယဲလ်အသင်းခေါင်းဆောင် ဂိုးသမား ကာဆီးလက်စ်သည် စပိန်အခွန်တာဝန်ရှိသူများထံသို့ ပေးချေရန်ကျန်ရှိနေသည့် အခွန်ငွေယူရို(၁.၆)သန်းကို ပေးဆောင်ခဲ့ရကြောင်း ကာဆီးလက်စ်နှင့် နီးစပ်သူများက အတည်ပြုပြောကြားခဲ့သည်။ ကာဆီးလက်စ်သည် ပုံရိပ်အသုံးပြုခ ဝင်ငွေများထဲမှ အခွန်ငွေများ ပေးဆောင်ရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း ကာဆီးလက်စ်၏ ဘဏ္ဍာရေးအကြံပေးများက ထုတ်ပြန်ကြေညာခဲ့သည်။

ကတ်တလန်သတင်းစာ La Vanguardia ၏ဖော်ပြချက်အရ စပိန်အခွန်တာဝန်ရှိသူများသည် ကာဆီးလက်စ်အခွန်ဆောင်ရန် ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ပေးဆောင်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သို့သော် ကာဆီးလက်စ်၏ ဘဏ္ဍာရေးအကြံပေးများကမူ ကာဆီးလက်စ်သည် ယင်းအခွန်ငွေများကို ရည်ရွယ်ချက်ရှိရှိ ရှောင်လွှဲခဲ့ခြင်းမဟုတ်ကြောင်း ဖြေရှင်းခဲ့သလို၊ ကျန်ရှိနေသည့်အခွန်ငွေများကို ပေးဆောင်ခဲ့ခြင်းလည်းဖြစ်သည်။ ကာဆီးလက်စ်၏ ဘဏ္ဍာရေးအကြံပေးများက "အခုအချိန်မှာ ဘာပြဿနာမှ မရှိတော့ပါဘူး။ ပေးချေစရာရှိတာတွေ အခွန်အကုန်လုံး ပေးဆောင်ပြီးသွားပါပြီ"ဟု ပြောကြားခဲ့သည်။ ကာဆီးလက်စ်အပြင် စပိန်ကစားသမားများဖြစ်သည့် အက်သလက်တီကိုတိုက်စစ်မှူး ဒေးဗစ်ဗီလာ၊ ရီးယဲလ်ကွင်းလယ်လူ အလွန်ဆိုတို့သည်လည်း စပိန်အစိုးရထံသို့ အခွန်ပေးဆောင်ရန် ကျန်ရှိနေကြောင်း La Vanguardia သတင်းစာက ဖော်ပြခဲ့သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းကလည်း ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် အခွန်ရှောင်လွှဲမှုကြောင့် တရားရင်ဆိုင်ခဲ့ရသေးသည်။



Photo : AFP

## နေမာအားခေါ်ယူခဲ့ခြင်းက ဘဏ္ဍာရေးကို လှုပ်ခတ်စေခဲ့ဟုဘာစီလိုနာဒု-ဥက္ကဋ္ဌ ဝန်ခံ

ဘာစီလိုနာအသင်းဒု-ဥက္ကဋ္ဌတစ်ဦးဖြစ်သူ ကာလက်စ်ဗီလာရှုဘီက ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့တွင် နေမာအား ခေါ်ယူခဲ့ခြင်းမှာ အသင်း၏ ဘဏ္ဍာရေးကို မတည်မငြိမ်ဖြစ်စေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ကာလက်စ်ဗီလာရှုဘီက နေမာအား ရရှိရန်အတွက် ဖြိုင်ဘက်အသင်းတစ်သင်းနှင့်အတူ ကြိုးပမ်းခဲ့ရခြင်းက ဘာစီလိုနာအသင်းအတွက် ဖိအားများကိုဖြစ်စေခဲ့ကြောင်း၊ ဖြိုင်ဘက်အသင်းထက် လက်ဦးမှုရအောင် ကြိုးစားခဲ့ရခြင်းကြောင့် မိမိတို့အသင်း မထင်မှတ်ဘဲ ငွေကြေးကုန်ကျမှု များပြားခဲ့ကြောင်း ပြောကြားခဲ့သည်။ နေမာအတွက် ဘာစီလိုနာအသင်းသည် အထွေထွေကုန်ကျစရိတ် ယူရိုသန်း(၁၀၀)ကျော်အထိရှိခဲ့ကြောင်းလည်း သိရသည်။

## ချန်ပီယံလိဂ် ဗိုလ်လုပွဲလက်မှတ်များကို ရီးယဲယ်အသင်း မဲစနစ်ဖြင့် ရောင်းမည်

ရီးယဲယ်အသင်းသည် လာမည့်မေလ(၂၄)ရက်နေ့တွင် ကစားမည့် အက်သလက်တီကိုနှင့် ချန်ပီယံဗိုလ်လုပွဲ လက်မှတ်များကို မဲစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော် လက်မှတ်ဝယ်ယူလိုသူအနေဖြင့် ရီးယဲယ်အသင်း Member ဖြစ်ရမည်ဖြစ်ပြီး လက်ရှိအချိန်တွင် Member ၇၃၃၄၁ဦးထဲမှ ရွေးချယ်သွားမည်ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့်လက်မှတ်စောင်ရေ (၁၃၀၀၀)ကို ရောင်းသွားမည်ဖြစ်ပြီး လက်မှတ်စောင်ရေ(၁၀၀)ကိုမူ အထူးဧည့်သည်တော်များအတွက် ရည်ရွယ်ထားကြောင်း သိရသည်။ ရီးယဲယ်သည် ဗိုလ်လုပွဲအတွက် လက်မှတ်(၁၆၉၇၀)စောင်ရရှိမည်ဖြစ်ပြီး ယင်းထဲမှ (၇၇.၄)ရာခိုင်နှုန်းအထိ ရောင်းချမည်ဖြစ်သည်။

## နည်းပြ လူးဝစ်အင်းနရစ်၏ နေအိမ်သို့ ဘာစီလိုနာအားကစားဒါရိုက်တာသွားရောက်

ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဇူဘီဇာရက်တာသည် ပြီးခဲ့သည့် အင်္ဂါနေ့က အသင်းနည်းပြသစ်အဖြစ် ရေပန်းစားနေသည့် ဆယ်လ်တာဗီကိုအသင်းနည်းပြ လူးဝစ်အင်းနရစ်၏ နေအိမ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။ ဇူဘီဇာရက်တာနှင့်အတူ ၎င်း၏လက်ထောက်နှစ်ဦးလည်း ပါဝင်ခဲ့ပြီး တွေ့ဆုံမှုမှာ နာရီအနည်းငယ်ကြာမြင့်ခဲ့သည်။ လူးဝစ်အင်းနရစ်နှင့် ဆယ်လ်တာဗီဂိုအသင်းတို့၏ စာချုပ်သက်တမ်းမှာ (၁)နှစ်ကျန်ရှိနေသေးပြီး ဆယ်လ်တာဗီဂိုအသင်းဥက္ကဋ္ဌကမူ လူးဝစ်အင်းနရစ်အား အလွယ်တကူအဆုံးရှုံးခံမည်မဟုတ်ဟု ပြောကြားခဲ့ဖူးသည်။ သို့သော် ဘာစီလိုနာအသင်းဘက်ကမူ လူးဝစ်အင်းနရစ်ကို အရခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

## Brief

- ❒ လာမည့် မေလ(၂၄)ရက်နေ့တွင် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့တွင်ကစားမည့် ရီးယဲယ်-အက်သလက်တီကိုပွဲကို စပိန်ဝန်ကြီးချုပ်မာရီယာနိုရေယိုတက်ရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။
- ❒ ရီးယဲယ်အသင်းနည်းပြ အန်ဆယ်လော့တီက ကစားသမားများအနေဖြင့် အသင်းအောင်မြင်မှုရလျှင် အပိုဆုကြေးများပေးသည့်စနစ်ကို ၎င်းအနေဖြင့် နားမလည်ကြောင်း ပြောကြားခဲ့သည်။
- ❒ ဘီလ်ဘာအိုအသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဗယ်လ်ဇာဒီသည် ဘာစီလိုနာနည်းပြရာထူးကို ပယ်ချခဲ့ကြောင်း သိရသည်။
- ❒ ရီးယဲယ်အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်သည် လာမည့်ဇွန်လ(၂)ရက်နေ့တွင် အီတလီနိုင်ငံ တူရင်မြို့တွင်ကစားမည့်ရန်ပုံငွေခြေစမ်းပွဲသို့ သွားရောက်မည်ဖြစ်ပြီးယင်းကာလအတွင်း ဂျူဗင်တပ်စ်မှပေါ့ဘာအတွက်ကမ်းလှမ်းမှုများပြုလုပ်သွားမည်ဖြစ်သည်။
- ❒ ဘာစီလိုနာအသင်းသည် မိုချန်ဂလာဘတ်အသင်းဂိုးသမား တာစတီဂျန်အား ခေါ်ယူရန် အပြီးသတ်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း စပိန်မီဒီယာများက ဖော်ပြလျက်ရှိသည်။

# စပိန်တွင် လူမျိုးခြားကစားသမားများကို ပရိသတ်များက ပစ်မှတ်ထားလှောင်ပြောင်နေခြင်းအပေါ် UEFA ဝေဖန်

## လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် နာမည်ကျော်ကစားသမားများပါဝင်







လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့်အနေဖြင့် ဘောလုံးလောကမှ နာမည်ကျော်များက ငှက်ပျောသီးများ စားပြနေစဉ်

စပိန်လာလီဂါတွင် လူမျိုးခြားကစားသမားများကို ပရိသတ်များက ပစ်မှတ်ထား၍ လူမျိုးရေးခွဲခြားမှုပြုလုပ်နေခြင်းအပေါ် ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)က ဝေဖန်ပြစ်တင်လိုက်ကြောင်းသိရသည်။

ပြီးခဲ့သည့်တစ်ပတ်က ဗီလာရီးယဲယ်နှင့်ဘာစီလိုနာတို့ကစားခဲ့သောပွဲတွင် ဗီလာရီးယဲယ်ပရိသတ်တစ်ဦးဖြစ်သည့်ဒေးဗစ်ကမ်ပါရိုမှာ ဘာစီလိုနာနောက်ခံလူ အဲလ်ဗတ်စ်ကို ငှက်ပျောသီးဖြင့်ပစ်ပေါက်ကာ လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည်။ ယင်းလုပ်ရပ်အတွက် ဗီလာရီးယဲယ်အသင်းက ကမ်ပါရိုအား အသင်း၏ပွဲစဉ်များကို ကြည့်ရှုခွင့်အား ရာသက်ပန်ပိတ်ပင်ခဲ့သလို၊ စပိန်ရဲတပ်ဖွဲ့ဝင်များကလည်း ၎င်းကိုအရေးယူရန် ဖမ်းဆီးထိန်းသိမ်းထားကြောင်းသိရသည်။ ယင်းဖြစ်ရပ်ကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများမှာ ဝေဖန်မှုများနှင့်ရင်ဆိုင်နေရချိန်တွင် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ကစားခဲ့သော လီဗန်တေးနှင့် အက်သလက်တီကိုတို့ပွဲတွင်လည်း လီဗန်တေးကွင်းလယ်လူ ဒီအိုနိုင်အုပ်ကို ပြိုင်ဘက်ပရိသတ်များက လူမျိုးရေးခွဲခြားခဲ့ကြကြောင်း သိရသည်။ ယင်းပွဲတွင် လီဗန်တေးအသင်းက (၂-၀)ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲချိန်အတွင်း အက်သလက်တီကို ပရိသတ်များမှာ ဒိုင်အုပ်ကို "မျောက်"ဟု အော်ဟစ်လှောင်ပြောင်ခဲ့ကြသဖြင့် ဒိုင်အုပ်မှာ

---

နာမည်ကျော်ကစားသမားများစုဖွဲ့၍ "We are all Monkeys" ဟူသော အမည်ဖြင့် စီမံကိန်း (cam paign) တစ်ခု စတင်ပြုလုပ်လျက်ရှိနေပြီး ယင်းထဲတွင် နေမာ၊ အဂွေရို၊ ဆွာရက်ဇ် စသူတို့ ...

---

ပွဲအပြီး၌ အက်သလက်တီကို ပရိသတ်များရှေ့တွင် အောင်ပွဲခံခဲ့ရာမှ ပြိုင်ဘက်ပရိသတ်များမှာ ၎င်းကို "မျောက်"ပုံသဏ္ဍာန်ပြုလုပ်ကာ ထပ်မံ လှောင်ပြောင်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ စပိန်လာလီဂါတွင် ဖြစ်ပွားလျက်ရှိနေသည့် လူမျိုးရေးခွဲခြားမှုပြဿနာများနှင့်ပတ်သက်၍ UEFA က စပိန်ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများကို ဝေဖန်ပြစ်တင်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ UEFA ဥက္ကဋ္ဌ ပလာတီနီ၏ပြောရေးဆိုခွင့်ရှိသူ ပတ်ဒရိုပင်တိုကရင်း၏ Twitterစာမျက်နှာတွင် "UEFA နှင့် ဥက္ကဋ္ဌပလာတီနီတို့သည် စပိန်ဘောလုံးပရိသတ်များ၏လူမျိုးရေးခွဲခြားမှုအပါအဝင် ဘောလုံးပွဲစဉ်များ၌ လူမျိုးရေးခွဲခြားသည့် လုပ်ရပ်များကို အပြင်းအထန် ကန့်ကွက်ရှုတ်ချပါကြောင်း။ မည်သည့်ပြိုင်ပွဲတွင်မဆို လူမျိုးရေးခွဲခြားမှုများရှိပါက အပြစ်ပေးအရေးယူရန် မိမိတို့စည်းမျဉ်းများချမှတ်ထားကြောင်း။ မိမိတို့၏အာဏာမသက်ရောက်နိုင်သည့်နေရာမျိုးတွင်လူမျိုးရေးခွဲခြားမှုဖြစ်ပွားပါက သက်ဆိုင်ရာတာဝန်ရှိသူများက အပြစ်ပေးအရေးယူသွားရန်လိုအပ်ကြောင်း" ရေးသားဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် လူမျိုးရေးခွဲခြားမှုများကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် နာမည်ကျော်ကစားသမားများစုဖွဲ့၍ "We are all Monkeys"ဟူသောအမည်ဖြင့် စီမံကိန်း (cam paign)တစ်ခု စတင်ပြုလုပ်လျက်ရှိနေပြီး ယင်းထဲတွင် နေမာ၊ အဂွေရို၊ ဆွာရက်ဇ်စသူတို့လည်းပါဝင်ကြောင်း သိရသည်။

### ဘရာဇီးလ်ပရိသတ်တစ်ဦးကို ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီး

ဘရာဇီးလ် ပြည်တွင်းလိဂ်ပွဲစဉ်အဖြစ် ဆန်တာခရုဇ်နှင့်ပါရာနာအသင်းတို့ကစားခဲ့သောပွဲအပြီးတွင် ပရိသတ်အချင်းချင်းခိုက်ရန်ဖြစ်ပွားခဲ့ရာမှ လူသတ်မှုကျူးလွန်ခဲ့သည်ဟု သံသယရှိသူ ပရိသတ်တစ်ဦးကို ဘရာဇီးလ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဖမ်းဆီးခံခဲ့ရသူမှာ ဆန်တာနာ(၂၃နှစ်)ဆိုသူဖြစ်ပြီး အဆိုပါရန်ပွဲတွင် ၎င်း၏လုပ်ရပ်ကြောင့် ပရိသတ်တစ်ဦးသေဆုံးခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဘရာဇီးလ်သမ္မတရူးဆက်ဖ်က ဘောလုံးပွဲများတွင် ဆိုးသွမ်းရမ်းကားသည့်ဖြစ်ရပ်များကို သည်းခံမည်မဟုတ်ကြောင်း ဝေဖန်ခဲ့သည်။

### အုပ်စုမှကျော်ဖြတ်ရေးကိုသာ ပရင်ဒယ်လီ ဦးစားပေး

အီတလီအသင်း နည်းပြပရင်ဒယ်လီက အသင်းမှကစားသမားများအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ဗိုလ်စွဲရန်ထက် အုပ်စုမှလွတ်မြောက်ရေးကိုသာ အဓိကအာရုံစိုက်သင့်ကြောင်း သတိပေးပြောကြားခဲ့သည်။ အီတလီအသင်းသည် လာမည့်၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်၊ ကော်စတာရီကာ၊ ဥရုဂွေးစသည့်အသင်းများနှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။ အီတလီအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် အင်္ဂလန်နှင့်ကစားရမည်ဖြစ်သည်။

### လက်ထောက်အဖြစ်ကမ်းလှမ်းမှု အပေါ်နစ္စတယ်ရှိုင်းအံ့အားသင့်

ဟော်လန်အသင်း ဂိုးဝင်တိုက်စစ်မှူးနစ္စတယ်ရှိုင်းက မိမိကို ဟော်လန်အသင်းလက်ထောက်နည်းပြအဖြစ် နည်းပြသစ်ဖြစ်လာမည့်ဟစ်ဒင့်က ကမ်းလှမ်းခဲ့ခြင်းအပေါ် အလွန်အံ့အားသင့်မိကြောင်း ပြောကြားခဲ့သည်။ လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဟော်လန်အသင်းနည်းပြသစ်အဖြစ် ဟစ်ဒင့်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သလို၊ နစ္စတယ်ရှိုင်းအား လက်ထောက်အဖြစ်ခန့်အပ်သွားမည်ဟုသိရသည်။

## World Cup Short News

❒ ဘရာဇီးလ်ဂိုးဝင်တိုက်စစ်မှူးဇစ်ကိုက လာမည့်၂၀၁၄ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဥရုဂွေးအသင်းနှင့်တွေ့ဆုံမည်ကိုမလိုလားကြောင်း ပြောဆိုခဲ့သည်။ ဘရာဇီးလ်နှင့်ဥရုဂွေးတို့သည် ၁၉၅၀ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ဖူးပြီး ဥရုဂွေးအသင်းက အိမ်ရှင်ဘရာဇီးလ်ကိုအနိုင်ရဗိုလ်စွဲခဲ့သည်။ သို့ဖြစ်ရာ ဇစ်ကိုက "ဗိုလ်လုပွဲမှာ ဘရာဇီးလ်နဲ့အာဂျင်တီးနားအသင်းတို့ဆုံတွေ့စေချင်ပြီး ဥရုဂွေးအသင်းနဲ့မဆုံစေချင်ပါဘူး။ ဥရုဂွေးဟာ ဘရာဇီးလ်အသင်းကို စိတ်ပိုင်းဆိုင်ရာအရ အသာရထားတဲ့ တစ်သင်းတည်းသောအသင်းဖြစ်နေလို့ပါ"ဟုပြောကြားခဲ့သည်။

❒ ဘော့စနီးယားအသင်းနည်းပြဆာဖက်ဆူဆစ်က မိမိတို့အသင်းသည် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်းဝန်ခံပြောကြားခဲ့သည်။ ဘော့စနီးယားအသင်းအနေဖြင့် ယခင်က ယူဂိုဆလားဗီးယားအဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း ဘော့စနီးယားအဖြစ်ခွဲထွက်ခဲ့ပြီးနောက် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

❒ ရုရှားအသင်းနည်းပြကာပယ်လိုက ကမ္ဘာ့ဖလားအုပ်စုအဆင့်တွင် မိမိတို့နှင့်ရင်ဆိုင်ရမည့်ပြိုင်ဘက်များမှာ ရုပ်ပိုင်းသာမကစိတ်ပိုင်းဆိုင်ရာတွင်လည်း အကောင်းဆုံးအနေအထားရှိနေရာ ၎င်းတို့နှင့်ရင်ဆိုင်ရန်အတွက် မိမိတို့အဆင်သင့်ဖြစ်နေရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။ ရုရှားအသင်းသည် ကမ္ဘာ့ဖလားပွဲမတိုင်မီ ဆလိုဗက်ကီးယား၊ နော်ဝေ၊ မော်ရိုကိုစသည့်အသင်းများနှင့်ခြေစမ်းပွဲများကစားသွားမည်ဖြစ်ပြီး ယင်းပွဲစဉ်များက မိမိတို့အသင်းအတွက်အကျိုးရှိစေမည်ဖြစ်ကြောင်း ကာပယ်လိုကပြောကြားခဲ့သည်။

# ဘော်ဒိုးနည်းပြသစ်အဖြစ် ရီးယဲလ်လက်ထောက်နည်းပြ ဇီဒန်းကို ခန့်အပ်ရန်နီးစပ်နေပြီဟု ပြင်သစ်မီဒီယာများဖော်ပြ



ပြင်သစ်ကလပ် ဘော်ဒိုးအသင်းသည် ၎င်းတို့၏နည်းပြသစ်အဖြစ် ရီးယဲယ်လက်ထောက်နည်းပြဇီဒန်းကို ခန့်အပ်ရန် နီးစပ်နေပြီဖြစ်ကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြလျက်ရှိနေကြသည်။

အသက်(၄၁)နှစ်အရွယ်ရှိပြီဖြစ်သူ ဇီဒန်းသည် ကစားသမားဘဝတွင် ကိန်း၊ ဘော်ဒိုး၊ ဂျူဗင်တပ်စ်နှင့် ရီးယဲယ်အသင်းတို့တွင် ကစားခဲ့သူဖြစ်ပြီး ၂၀၀၆ခုနှစ်က ဘောလုံးသမားဘဝမှအနားယူခဲ့သူဖြစ်သည်။ ဇီဒန်းသည် လက်ရှိအချိန်၌ ရီးယဲယ်အသင်းနည်းပြအန်ဆယ်လော့တီ၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်နေသူဖြစ်ပြီး ရီးယဲယ်အသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။ ယခုအခါ ဘော်ဒိုးအသင်းမှာလည်း နည်းပြဖြစ်သူ ဂီရီဒင်၏စွမ်းဆောင်ရည်များကို အားမရဖြစ်နေပြီး နည်းပြသစ်တစ်ဦး ခန့်အပ်ရန်စီစဉ်လျက်ရှိနေရာ ဇီဒန်းမှာ ၎င်းတို့ပစ်မှတ်ထားနေသည့်နည်းပြများစာရင်း၌ ထိပ်ဆုံးတွင်ပါဝင်လျက်ရှိနေကြောင်းသိရသည်။ ဘော်ဒိုးအသင်းအနေဖြင့် ဇီဒန်းနှင့်ပတ်သက်သောသတင်းများကို အတည်ပြုခဲ့ခြင်းမရှိသော်လည်း ပြင်သစ်မီဒီယာများကမူ ဇီဒန်းမှာ ဘော်ဒိုးအသင်းနည်းပြဖြစ်လာရန် (၉၀%)ခန့်သေချာနေပြီဟု အကျယ်တဝင့်ဖော်ပြလျက်ရှိနေကြသည်။

ဘော်ဒိုးအသင်းသည် လက်ရှိအချိန်တွင် ပြင်သစ်လိဂ်အမှတ်ပေးဇယား၌အဆင့်(၇)နေရာတွင်ရပ်တည်လျက်ရှိနေကြောင်းသိရသည်။

# ဘန်ကောက်တွင်လေ့ကျင့်နေသည့် မြန်မာအသင်း လာမည့်မေ(၁၂)ရက်တွင်ထိုင်းကလပ် အသင်းတစ်သင်း၊ မေ(၁၄)ရက်တွင် ထိုင်းလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားမည်



ပထမမြန်မာ့လက်ရွေးစင်အသင်းအား ထိုင်းနိုင်ငံခြေစမ်းခရီးစဉ်မတိုင်မီ တွေ့ရစဉ် (ဓာတ်ပုံ-ညီညီစိုးညွန့်)

AFC Challenge Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် မေ(၇)ရက်က ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး နေထိုင်လေ့ကျင့်နေလျက်ရှိကာ ခြေစမ်းပွဲများကစားသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံခရီးစဉ်အတွင်း၌ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲ(၂)ပွဲကစားရန်စီစဉ်ထားကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် မေ(၁၂)ရက်တွင် ထိုင်းပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းနှင့်လည်းကောင်း၊ မေ(၁၄)ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့်လည်းကောင်း ခြေစမ်းကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ လာမည့် မေ(၁၆)ရက်အထိ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး AFC Challenge Cup ပြိုင်ပွဲကျင်းပမည့် မော်လ်ဒိုက်နိုင်ငံသို့တိုက်ရိုက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ AFC Challenge Cup ပြိုင်ပွဲကို မော်လ်ဒိုက်နိုင်ငံတွင် လာမည့်မေ(၁၉)ရက်မှ (၃၀)ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(က)တွင် အိမ်ရှင် မော်လ်ဒိုက်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်းအသင်းတို့နှင့်အတူကျရောက်နေလျက်ရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပထမကစားသမား(၂၇)ဦးဖြင့် ဖွဲ့စည်းထားပြီး မေ(၇)ရက်တွင် ကစားသမား(၁၇)ဦး လိုက်ပါသွားခဲ့ကာ ရန်ကုန်နှင့်နေပြည်တော်အသင်းတို့မှ ကစားသမား(၁၀)ဦးမှာမူ ကလပ်အသင်းများ၏ AFC Cup ရှုံးထွက်ပွဲစဉ်များပြီးမှသာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့လက်ရွေးစင်အသင်း၏ ပထမကစားသမား(၂၇)ဦး

*ဂိုး* - သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး) ဖန်လားဟရှယ်(နေပြည်တော်)၊ *နောက်တန်း* - ရဲဝင်းအောင်၊ ဇော်မင်းထွန်း(ရတနာပုံ)၊ အောင်ဟိန်းကျော်(ဧရာရှေ့မြေ)၊ သိန်းဇော်(ဇွဲကပင်)၊ ဟိန်းသီဟဇော်(ရောဝတီ)၊ ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ အောင်သိုက်၊ စည်သူအောင်၊ ခင်မောင်လွင်(ရန်ကုန်) *အလယ်တန်း* - မင်းမင်းသူ၊ နေလင်းထွန်း၊ ကျော်မင်းဦး(ရောဝတီ)၊ ငြိမ်းချမ်းအောင်(မနောမြေ)၊ ချစ်စုမိုး(ချင်း)၊ ထူးထူးအောင်(မကွေး)၊ ရန်အောင်ဝင်း(ရတနာပုံ)၊ရန်အောင်ကျော်၊ အေးဇင်အိန်း၊ ရာဇာဝင်းသိန်း(ရန်ကုန်)၊ *ရှေ့တန်း* - ရဲအောင်(Southern)၊ ကောင်းစည်သူ၊ ရန်ပိုင်(ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်)

### မြန်မာ့လက်ရွေးစင်အသင်း ကစားသမားတစ်ဦး လျှော့ချ

မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်မတိုင်မီ ကစားသမားတစ်ဦး လျှော့ချခဲ့ကြောင်း သိရသည်။ ယင်းကစားသမားမှာ ဟံသာဝတီအသင်းဂိုးသမားဖြစ်သူ ရန်အောင်လင်းဖြစ်ပြီး မြန်မာအသင်းနည်းပြချုပ်ဖြစ်သူ အေဗရာမိုဗစ်အနေဖြင့် အတွေ့အကြုံရရှိရန်အတွက် ခေါ်ယူထားခြင်းသာဖြစ်ကြောင်း သိရသည်။

## သင်တန်းအနည်းဆုံး(၁၂)ခု MFF ထပ်မံဖွင့်လှစ်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မြန်မာဘောလုံးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုနှစ်အတွင်း သင်တန်းအနည်းဆုံး(၁၂)ခု ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ MFF သည် လက်ရှိအချိန်တွင် AFC "A" လိုင်စင်နည်းပြသင်တန်းကို ဖွင့်လှစ်နေလျက်ရှိပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဖီဖာအသိအမှတ်ပြုနိုင်လူကြီးသင်တန်း(FIFA/MA Refereeing Course)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

## မြန်မာယူ-၁၉ အသင်း အင်ဒိုနီးရှားမှပြန်လည်ရောက်ရှိ

အင်ဒိုနီးရှားနိုင်ငံ၌ သွားရောက်နေထိုင်လေ့ကျင့်ပြီး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် ပြီးခဲ့သည့် မေ(၈)ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ အာဆီယံယူ-၁၉ ပြိုင်ပွဲနှင့် အာရှယူ-၁၉ ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာယူ-၁၉ အသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ နေထိုင်လေ့ကျင့်နေစဉ်ကာလအတွင်း အင်ဒိုနီးရှားယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲ(၂)ပွဲကစားခဲ့ကြောင်း သိရသည်။

## လူငယ်ဘောလုံးသင်တန်းကို (၅၈)ဦး တက်ရောက်

မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများအဖွဲ့နှင့် ကိုကာကိုလာအချိုရည်တို့ပူးပေါင်း၍ လူငယ်ဘောလုံးသင်တန်းကို ပြီးခဲ့သည့် မေ(၅)ရက်မှစ၍ ဖွင့်လှစ်နေလျက်ရှိရာ သင်တန်းသား(၅၈)ဦး တက်ရောက်နေလျက်ရှိကြောင်း သိရသည်။ သင်တန်းကို ရန်ကုန်မြို့ရှိ တောင်ဥက္ကလာပဘောလုံးကွင်းတွင် အခမဲ့ဖွင့်လှစ်နေလျက်ရှိပြီး ဦးတင်အောင်(ဂိုး)၊ ဦးလှရွှေလေး၊ ဦးကြည်လွင်၊ ဦးဝင်းမြင့်သွင်၊ ဦးမောင်မောင်ဌေး၊ ဦးဇော်ဝင်းထွန်းတို့က သင်ကြားပို့ချနေလျက်ရှိကြောင်း သိရသည်။

## အာဆီယံလက်ရွေးစင်အသင်း၏ ရန်ပုံငွေခြေစမ်းပွဲအတွက် KBZ အသင်းတိုက်စစ်မှူး စိုးမင်းဦးကို ထပ်တိုး ရွေးချယ်

အာဆီယံလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည့် ရန်ပုံငွေဘောလုံးပွဲအတွက် မြန်မာကိုယ်စားပြု ကစားသမားတစ်ဦး ထပ်တိုးရွေးချယ်လိုက်ကြောင်းသိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မူလက ယင်းရန်ပုံငွေ ခြေစမ်းပွဲအတွက် မြန်မာကိုယ်စားပြုအဖြစ် သိန်းသန်းဝင်းနှင့် နိုင်လင်းဦးတို့ကို ရွေးချယ်ထားခဲ့ပြီး ယခုအခါ KBZ အသင်းတိုက်စစ်မှူး စိုးမင်းဦးကို ထပ်တိုး ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




မုန်တိုင်းဒဏ်ခံ ကလေးငယ်များနှင့်အတူတွေ့ရသည့် ကမ္ဘာကျော်ဘောလုံးကစားသမား ဒေးဗစ်ဘက်ခမ်

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)သည် ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်းက တိုက်ခတ်ခဲ့သည့် ဟိုင်ယန်တိုင်ဖွန်း (Typhoon Haiyan)မုန်တိုင်းဒဏ်ခံ ဒေသခံများအတွက်ရည်ရွယ်၍ ရန်ပုံငွေခြေစမ်းပွဲကို လာမည့် မေ(၁၁)ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ မူလက အာဆီယံလက်ရွေးစင်အသင်းအတွက် ကစားသမား(၂၂)ဦး ရွေးချယ်ထားသော်လည်း ယခုအခါ ဒေသတွင်းနိုင်ငံအသီးသီးမှ ထပ်တိုးကစားသမားများကြောင့်(၂၆)ဦးအထိရှိလာပြီး နာမည်ကြီးကစားသမားများ ပါဝင်နေကြောင်း သိရသည်။

Premier Eleven Sports Journal Vol:11 No.37 11, May, 2014

# ထိုက်တန်သည့် အောင်ပွဲများနှင့် ခြေလှမ်းအသစ်

သက်ထွန်းအောင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဟာ မော်လ်ဒိုက်မှာ (AFC Challenge Cup 2014 )ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် အမျိုးသားလက်ရွေးစင်အသင်းကို စေလွှတ်ဖို့ရှိသလို၊ အမျိုးသမီးလက်ရွေးစင်အသင်းကိုလည်း ဗီယက်နမ်နိုင်ငံမှာကျင်းပမယ့် (Women's Asian Cup 2014 )ပြိုင်ပွဲ စေလွှတ်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အခုအချိန်က သက်တမ်းအလိုက်ပြိုင်ပွဲအချို့ ခေတ္တနားချိန်ဖြစ်ပြီး နိုင်ငံကိုယ်စားပြုအသင်းများ ပြိုင်ပွဲကြီးတွေ ဝင်ရောက်ယှဉ်ပြိုင်ချိန်ဖြစ်တာကြောင့် ရင်ခုန်စောင့်ကြည့်ရာကာလဖြစ်ပါတယ်။ ၂၀၁၄ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကတော့ လက်ရွေးစင်အသင်းပြိုင်ပွဲရှိတာကြောင့် ရပ်နားထားပြီး လှုပ်ရှားမှုအေးစက်စက် အနေအထားရှိပါတယ်။ ဒါပေမဲ့ MFF အနေနဲ့ လာမယ့်ရက်ပိုင်းအတွင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းတွေရဲ့ လူငယ်အသင်းပြိုင်ပွဲကို စတင်ကျင်းပနိုင်ဖို့ တာစူနေပါတယ်။ ယခုနှစ်မှာကျင်းပမယ့် လူငယ်အသင်းပြိုင်ပွဲကတော့ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေရဲ့ ယခုနှစ်မှစတင်တဲ့ အသက်ကန့်သတ်မှုစစ်ဆေးခြင်းကြောင့် အတော်လေး ဂယက်ရိုက်ခဲ့ပါတယ်။ လူငယ်အသင်းပြိုင်ပွဲမှာ အသက်ကျော်ကစားသမားတွေ ပါဝင်ကစားတာ အသင်းတိုင်းလိုလိုမှာ ပါဝင်တာကြောင့် MFF အနေနဲ့ ယခုနှစ်မှာသာ အသက်စစ်ဆေးမှုကို စတင်ပြုလုပ်တာဖြစ်ပါတယ်။ လူငယ်အသင်းပြိုင်ပွဲဟာ အသက် (၂၀)နှစ်အောက်လူငယ်များအတွက် ရည်ရွယ်ကျင်းပတဲ့ပြိုင်ပွဲတစ်ခုဖြစ်ပြီး အသင်းကြီးမှာပါဝင်ကစားခွင့်အတွက် အရေးပါတဲ့ ခြေလှမ်းလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် လူငယ်ပြိုင်ပွဲမှာ ပါဝင်ခြေစွမ်းပြနိုင်ခဲ့တဲ့ လူငယ်ကစားသမားအချို့ ယခုနှစ် အသင်းကြီးမှာ ထိုက်တန်တဲ့နေရာရရှိပြီး ခြေစွမ်းပြတာတွေ တွေ့ရပါတယ်။ ဒီအချက်က အသင်းတာဝန်ရှိသူတွေအတွက် ကျေနပ်စရာအချက်ဖြစ်ပြီး လက်ရွေးစင်အသင်း အောင်မြင်ဖို့အတွက် အကောင်းဆုံး ကစားသမားတွေကိုပံ့ပိုးရာမှာ များစွာအားသာချက်ရှိတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ လူငယ်အသင်းပြိုင်ပွဲမှာ အသက်မီအောင် မမှန်ကန်တဲ့ အထောက်အထားတွေပြုလုပ်ပြီး ပါဝင်ကစားတာတွေများစွာတွေ့ရှိလာခြင်းကြောင့် မြန်မာနေရှင်နယ်လိဂ်တာဝန်ရှိသူတွေ တင်းကျပ်စွာစစ်ဆေးဖို့ အကြောင်းဖန်လာတာဖြစ်ပါတယ်။

## စောင့်ကြည့်ရမယ့် ကော်မတီ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ ပြီးခဲ့တဲ့ဧပြီလဆန်းပိုင်းက အသက်မှန်ကန်မှုစိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီက မြန်မာဘောလုံးအသိုင်းအဝိုင်းမှာကျင်လည်နေသူတွေ ဖြစ်တာကြောင့် အသက်စစ်ဆေးမှု မှန်ကန်စွာပြုလုပ်ဖို့ ရည်ရွယ်ထားပုံရပါတယ်။ ဦးသန့်ဇော်အောင်(လက်ရွေးစင်ဟောင်း)၊ ဦးကြည်လွင်(မကွေးနည်းပြချုပ်)၊ ဦးဆန်းဝင်း(ရောဝတီနည်းပြချုပ်)၊ ဦးစိုးသိဟ(ဒု-ဥက္ကဋ္ဌ၊ နေပြည်တော်)၊ ဦးစိုးမင်း(မကွေးအသင်းမန်နေဂျာ)၊ ဦးအုန်းကြိုင်(မနောမြေအသင်းမန်နေဂျာ)၊ ဦးထွန်းထွန်းလင်း(ဟံသာဝတီအသင်းမန်နေဂျာ)၊ ဦးဇော်မြင့်(ရန်ကုန်ယူနိုက်တက်မန်နေဂျာ)၊ ဦးညီညီလတ်(ယူ-၁၉ အသင်း မန်နေဂျာ) စတဲ့တာဝန်ရှိသူတွေနဲ့ ဖွဲ့စည်းထားပါတယ်။ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေနဲ့ ကလပ်အသင်း အသီးသီးက တာဝန်ရှိသူတွေဟာ မေလဆန်းပိုင်းကစလို့ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီးနောက် အသင်းတိုင်းလိုလိုမှာ အသက်ကျော်ကစားသမားတွေ ပါဝင်နေတယ်လို့ ညည်းတွားကြပါတယ်။ ကစားသမားတွေကို အသက်စစ်ဆေးရာမှာ ညီဖြစ်သူရဲ့ မှတ်ပုံတင်နဲ့ ကစားသမားမှတ်ပုံတင်ပြုလုပ်ထားခြင်း၊ လူတွေစစ်ဆေးမေးမြန်းရာမှာ မိမိရဲ့မွေးနေ့ကို မမှတ်မိခြင်းစတဲ့အချက်တွေတွေ့ရှိပြီး သတ်မှတ်ရက်မှာပြီးစီးအောင် မစစ်ဆေးနိုင်သည့်အထိ အသက်လိမ်မှုများပေါ်ပေါက်ခဲ့ပါတယ်။ လူငယ်အသင်းပြိုင်ပွဲမှာ သက်ကျော်ကစားသမားတွေ ပါဝင်ကစားနေမှုနဲ့ ပတ်သက်ပြီး စစ်ဆေးတွေ့ရှိပါက (၂)နှစ်ပွဲပယ်အထိ ပြစ်ဒဏ်တွေချမှတ်ကာ အရေးယူတော့မယ်ဆိုပြီး သတင်းထုတ်ပြန်လိုက်တာကြောင့် ဘယ်လိုအရေးယူမှုတွေဖြစ်လာမလဲ စောင့်ကြည့်ရမယ့်အခြေအနေပါပဲ။

## ဖြေဆေးတစ်ခုလား

ဆီးဂိမ်းစ်ပြိုင်ပွဲပြီးနောက် လက်ရှိမြန်မာဘောလုံးလောကအခြေအနေက အတော်လေး ဦးမော့ဖို့ခက်နေပါတယ်။ ဆီးဂိမ်းစ်ပြိုင်ပွဲကျရှုံးမှုကြောင့် လစာတွေ ကန့်သတ်မှုပြုလုပ်ခဲ့ပြီး လက်ရွေးစင်အသင်း အောင်မြင်မှုရမှ ပြန်လည်သတ်မှတ်ပေးမယ်လို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြေညာထားပါတယ်။ လက်ရှိမြန်မာဘောလုံးလောက ပြန်လည်တိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ လူငယ်ကစားသမားတွေ အသက်မှန်ကန်အောင်စိစစ်ခြင်းက လက်ရွေးစင်အသင်း ပြန်လည်အောင်မြင်ဖို့ ဖြေဆေးတစ်မျိုးအဖြစ် ယူဆထားပုံရပါတယ်။ လက်ရှိ အသက်မှန်ကန်မှုစိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးဆန်းဝင်းကတော့ ၎င်းကိစ္စကို ထောက်ခံမှုပြုလုပ်ခဲ့ပြီး မြန်မာနေရှယ်လိဂ်အသင်းတွေ ပူးပေါင်းလုပ်ဆောင်ဖို့လည်း တိုက်တွန်းထားပါတယ်။ သူ့ရဲ့အမြင်ကတော့ လက်ရှိ မြန်မာလက်ရွေးစင်အသင်း ကျဆင်းခဲ့ရမှုအပေါ်ထောက်ပြသွားပြီး သူ နည်းပြချုပ်အဖြစ် တွဲဖက်တာဝန်ယူကိုင်တွယ်နေတဲ့ ရောဝတီလူငယ်အသင်းမှာ အသက်ကျော်ကစားသမားတွေ လုံးဝမပါဝင်ဖို့ တာဝန်ယူကြောင်း ပြောကြားခဲ့ပါတယ်။ ရောဝတီယူနိုက်တက်လူငယ်အသင်းမှာ ပုသိမ်အကယ်ဒမီကလူငယ်ကစားသမားတွေအပြင် အခြားခြေစွမ်းခြေစရှိတဲ့ လူငယ်ကစားသမားတွေကို ရှာဖွေဖွဲ့စည်းထားတယ်လို့ ဆိုပါတယ်။ လက်ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ အသက်စိစစ်မှုအစီအစဉ်ကြောင့် ကလပ်အသင်းတိုင်းလိုလိုမှာ သက်ကျော်ကစားသမားတွေ ပါဝင်ကြောင်းပေါ်ထွက်လာခဲ့ပြီး ကလပ်အသင်းတာဝန်ရှိသူတွေအနေနဲ့လည်း ပြန်လည်ထောက်ပြဝေဖန်မှုတွေ ရှိပါတယ်။ ကလပ်အသင်းတစ်သင်းဆိုရင် ကစားသမား(၁၃)ယောက်လောက်အထိ စစ်ဆေးပေါ်ပေါက်ခဲ့ပြီးယင်း ကစားသမားများကို အသုံးမပြုဖို့ တားမြစ်ခံရပါက ကစားသမားရေ၊ အသင်းပါထိခိုက်နိုင်ကြောင်း ပြန်လည်ထောက်ပြပါတယ်။ အချို့ကစားသမားတွေအနေနဲ့ အသင်းကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အဆင့်မမီတာကြောင့် ၎င်းတို့အနေနဲ့ MNL-2 ကလပ်တွေမှာ သွားရောက်ကစားနိုင်အောင်ကြိုးစားရမယ့်အနေအထားမှာရှိနေပါတယ်။

## အောင်မြင်မှုအတွက် ပြုစုပျိုးထောင်

လူငယ်အသင်းမှာ ပါဝင်ကစားဖို့ အသက်လိမ်တယ်ဆိုတာ မြန်မာဘောလုံးလောကမှာသာမက ကမ္ဘာ့ဘောလုံးလောကမှာပါ ဖြစ်နေကျဖြစ်ရပ်တစ်ခုပါ။ အရှေ့တောင်အာရှအသင်းတွေသာမက အာဖရိကအသင်းတွေဟာ သက်တမ်းအလိုက် လက်ရွေးစင်အသင်းအချို့မှာ သက်ကျော်ကစားသမားတွေထည့်သွင်းအသုံးပြုတတ်ပါတယ်။ အဲဒီလိုအသုံးပြုမှုတွေကြောင့် လူငယ်ပြိုင်ပွဲတွေမှာအောင်မြင်မှုရရှိပေမယ့် နိုင်ငံကိုယ်စားပြုလက်ရွေးစင်အသင်းဆိုရင်တော့ အောင်မြင်မှုနဲ့ ဝေးကွာတတ်ပါတယ်။ မြန်မာ့လက်ရွေးစင်အသင်းတွေရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် မြန်မာလက်ရွေးစင် ယူ-၁၆ အသင်းဟာ ၂၀၀၂၊ ၂၀၀၅ ခုနှစ်တွေမှာ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ (၂)နှစ်ဆက်ချန်ပီယံပါ။ ၂၀၀၆ ခုနှစ်မှာ ဒုတိယ၊ ၂၀၁၁ ခုနှစ်မှာ တတိယနေရာ ရရှိထားပါတယ်။ ပြီးခဲ့တဲ့နှစ်က အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပေမယ့် မြန်မာ ယူ-၁၆ အသင်း နောက်တစ်ဆင့် မတက်ရောက်နိုင်ခဲ့ပါဘူး။ မြန်မာ ယူ-၁၉ အသင်း အောင်မြင်မှုအဖြစ် အာဆီယံချန်ပီယံရှစ် ၂၀၀၂ ခုနှစ်ပြိုင်ပွဲမှာ ဒုတိယ၊ ၂၀၀၅ ခုနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲထားပါတယ်။ ၂၀၀၇ ခုနှစ်ပြိုင်ပွဲမှာ မြန်မာ ယူ-၁၉ အသင်း စတုတ္ထနေရာမှာ ရပ်တည်ခဲ့ပါတယ်။ ဒါက ၂၀၀၀ ခုနှစ်နောက်ပိုင်း သက်တမ်းအလိုက် မြန်မာလူငယ်အသင်းတွေရဲ့ရပ်တည်မှုတွေပါ။ အာဆီယံဒေသတွင်း လက်ရွေးစင်အသင်းတွေရဲ့ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ(ဆူဇူကီးဖလား)မှာတော့ မြန်မာလက်ရွေးစင်အသင်းဟာ ၂၀၀၄ ခုနှစ်မှာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်တာကလွဲရင် အခြားမှတ်တမ်းကောင်းမရှိပါဘူး။ ဒါက အာဆီယံအဆင့်မှာပဲ ရှိပါသေးတယ်။ လက်ရှိ မြန်မာအသင်းအနေနဲ့ အာရှအဆင့်ပြိုင်ပွဲတွေမှာ ဝေးကွာလှတဲ့အဆင့်အတန်းတစ်ခုမှာရပ်တည်နေပါတယ်။ ဒါတွေကဘယ်အချက်တွေရဲ့အကျိုးဆက်လို့ ထောက်ပြဖို့ခက် ပါတယ်။ လူငယ်အသင်းပြိုင်ပွဲတွေမှာ လတ်တလောအောင်မြင်မှုရဖို့ နည်းလမ်းပေါင်းစုံအသုံးပြုတာဟာ မှန်ကန်တဲ့နည်းလမ်းမဟုတ်ပါဘူး။ အားလည်းမပေးထိုက်ပါဘူး။ အောင်မြင်မှုဆိုတာ ပြုစုပျိုးထောင်ပေးရတဲ့အရာပါ။ ယနေ့ မြန်မာဘောလုံးလောက အဆင့်အတန်းနိမ့်ကျနေတယ်ဆိုတာ သမိုင်းကမှားယွင်းမှုတွေကြောင့်ပါ။ ဒါတွေကို ပြင်ဆင်ဖို့ အချိန်တန်ပါပြီ။ နောင်(၁၀)နှစ်မှာ အောင်မြင်ဖို့အခြေအနေကို အခုကစပြီး ပုံသွင်းလို့ရပါတယ်။ ဒါပေမဲ့ အလွယ်တကူဖြစ်လာမယ်လို့ မျှော်လင့်လို့မရပါဘူး။ အမှားသံသရာထဲကဖောက်ထွက်ဖို့အချိန်တန်ပါပြီ။ မရိုးသားမှုနဲ့ လိပ်ပြာမလုံစွာ အောင်ပွဲခံမှာလား၊ ရိုးသားမှုအပြည့်နဲ့ ထိုက်တန်စွာအောင်ပွဲခံမှာလား ရွေးချယ်ခွင့်ရှိနေပါတယ်။







Photo : AFP

# အမှာတော် ပါးလိုက်သည်

ကျော်ရင်

ကလပ်အသင်းတွေရဲ့ ဘောလုံးရာသီကုန်ဆုံးဖို့ နီးကပ်လာတာနဲ့အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲကလည်း တဖြည်းဖြည်း နီးကပ်လာပါတယ်။ ပေါ်လန်လိဂ်ဆိုရင် ရာသီပိတ်သိမ်းသွားပြီဖြစ်လို့ ကစားသမားတွေကို ရွေးထုတ်ပြီး စခန်းသွင်းလေ့ကျင့်တဲ့ အဆင့်ရောက်နေပြီ။ ပရီးမီးယားလိဂ်ဆိုရင်လည်း ဒီတစ်ပတ်မှာ ဇာတ်သိမ်းခန်းကို ရောက်ရှိလို့နေပါတယ်။ ဒီတော့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းတွေကလည်း ပြင်ဆင်မှုတွေနဲ့ ပျားပန်းခတ်အလုပ်ရှုပ်နေကြတာတွေ့ရပါတယ်။ အရေးကြီးတဲ့ပြင်ဆင်မှုတစ်ခုကိုတော့ အသင်းအများစုလုပ်ဆောင်နေကြပါပြီ။

ကမ္ဘာ့ဖလားဆိုတာ အားကစားပြိုင်ပွဲဆိုတာထက်ပိုတဲ့ ယဉ်ကျေးမှုပွဲတော်တစ်ခုလို့ ဆိုမယ်ဆိုရင် မှားမယ်မထင်ပါဘူး။ ကမ္ဘာ့အနံ့က လက်ရွေးစင်(၃၁)သင်းဟာ အိမ်ရှင်နိုင်ငံနဲ့မတူတဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဝိသေသလက္ခဏာကိုယ်စီပိုင်ဆိုင်ထားကြတာပါ။ ဒါပေမဲ့ ကစားသမားပေါင်း (၇၃၆)ဦးစလုံးရဲ့ အိပ်မက်ကတော့ တစ်ခုတည်းဖြစ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ဇူလိုင်လ (၁၃)ရက်နေ့မှာ မာရာကာနာကွင်းကြီးထဲမှာ ကမ္ဘာ့ဖလားကို ကိုင်မြှောက်နိုင်ဖို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့ဖလားစတင်မှာက ဇွန်လ(၁၂)ရက်နေ့ဆိုတော့ ဗိုလ်လုပွဲတက်တဲ့ အသင်းဟာ တစ်လဝန်းကျင်လောက် ဘရာဇီးလ်မှာ အခြေချနေထိုင်ရမှာဖြစ်ပါတယ်။ အုပ်စုအဆင့်ကလည့်ပြန်ရနိုင်တဲ့အသင်းဆိုရင်လည်း ကြိုရောက်မယ့်ရက်တွေနဲ့တွက်ကြည့်လိုက်ရင် ဘရာဇီးလ်မှာ (၂)ပတ်ဝန်းကျင်လောက်ကြာပါလိမ့်မယ်။ ဒီတော့ ဘရာဇီးလ်မှာ ဘယ်မှာအခြေချမလဲ၊ ဘယ်ဟိုတယ်မှာ တည်းခိုမလဲ စီစဉ်ရပါတယ်။ ဒါကို အရေးမပါတဲ့အရာလို့ထင်ရင် မှားသွားပါလိမ့်မယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ရက်တိုအတွင်း ပွဲဆက်များများကစားရမှာဖြစ်လို့ အနားယူဖို့နဲ့ ခွန်အားပြန်လည်ဖြည့်တင်းဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ဒါ့အပြင် ဘရာဇီးလ်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသမဟုတ်တဲ့အတွက် ကိုယ်လိုအပ်တဲ့အရာ၊ လိုချင်တဲ့အရာကို အလွယ်တကူရဖို့မဖြစ်နိုင်ပါဘူး။ ဒီတော့ ကြိုတင်မှာယူခြင်းဟာ အကောင်းဆုံးပြင်ဆင်မှုဖြစ်ပါတယ်။ ဒါကြောင့် လက်ရွေးစင်အသင်းတွေရဲ့ နည်းစနစ်ကော်မတီတွေဟာ ဘာတွေအမှာချထားရမလဲဆိုတာ ဆွေးနွေးတိုင်ပင်ပြီး ဘရာဇီးလ်မှာ သူတို့တည်းခိုမယ့် ဟိုတယ်နဲ့ လေ့ကျင့်ရေးစင်တာတွေကို အမှာစာပို့ထားကြပါပြီ။ ကမ္ဘာ့ဖလားမှာ အောင်မြင်ဖို့ ပြင်ဆင်နေတဲ့ အသင်းတွေရဲ့ လိုအပ်ချက်ကို ကြည့်လိုက်ရင် အံ့အားသင့်ရတာရှိမယ်။ ပြုံးမိတာရှိမယ်။ ယူသင့်တာတွေလည်း ရှိမယ်။ ဘာပဲဖြစ်ဖြစ်လေ့လာကြည့်တာတော့ မမှားပါဘူး။ သူများထက် ဗီဇကြောင်တတ်တဲ့ နာမည်ကျော် အင်္ဂလန်ဆီက ဘာအမှာစာမှ ရောက်မလာသေးတာကို အားလုံးကအံ့အားသင့်နေကြပါတယ်။ ထူးခြားတဲ့ လက်ရွေးစင်အသင်းတွေရဲ့ အမှာစာတချို့ကို ဘရာဇီးလ်သတင်းစာ Lance က ဖော်ပြခဲ့ပါတယ်။ အသံတိတ်လေအေးပေးစက်၊ အီကွေဒေါငှက်ပျောသီး၊ ရေနွေးငွေ့ရေပန်းပါရေချိုးကန်တို့လို အမှာစာတွေကိုမြင်ရမှာဖြစ်ပေမယ့် ဒါဟာ အဆိုတော် မာရီယာကာရေးရဲ့ အမှာစာမဟုတ်ပါဘူး။ ဘောလုံးလက်ရွေးစင်အသင်းတွေရဲ့ အမှာစာဖြစ်ပါတယ်။

## အမှာစာများ

**အယ်လ်ဂျီးရီးယား** ➤ ဆော်ပိုလိုက Pitangueiras ဟိုတယ်ကိုရောက်လာတဲ့ အယ်လ်ဂျီးရီးယားရဲ့ အမှာစာကတော့ လက်ရွေးစင်ကစားသမားတိုင်း၊ နည်းပြအဖွဲ့ဝင်တိုင်း၊ နည်းစနစ်ကော်မတီဝင်တိုင်းရဲ့ အခန်းမှာ ကိုရန်ကျမ်းစာထားရှိပေးဖို့ဖြစ်ပါတယ်။ အယ်လ်ဂျီးရီးယားဟာ အက်သလက်တီကိုဆိုရှိကာဘာလေ့ကျင့်ရေးစခန်းကို အသုံးပြုမှာဖြစ်ပြီး အဲဒီက အနားယူခန်းတွေမှာလည်း ကိုရန်ကျမ်းစာထားရှိပေးဖို့တောင်းဆိုထားပါတယ်။

**ချီလီ** ➤ Belo Horizonte မြို့က Toca da Raposa II ဟိုတယ်မှာ တည်းခိုမယ့် ချီလီအသင်းရဲ့ နည်းစနစ်ကော်မတီကတော့ ချီလီကစားသမားတွေရဲ့ အခန်းမှာ အသုံးပြုမယ့် မွေ့ယာတွေကို အသစ်ဖြစ်နေဖို့နဲ့ တီဗီကိုလည်း မှန်ပြား(Flat-Screen TV) ဖြစ်ဖို့ အမှာချခဲ့ပါတယ်။ ဒါ့အပြင် ချီလီအသင်းအုပ်ချုပ်ရေးအဖွဲ့အတွက် ရုံးခန်း(၂)ခန်းကို အသစ်ဆောက်လုပ်ပေးဖို့မှာကြားပါတယ်။ ဒီရုံးခန်းသစ်(၂)ခန်းကို ကမ္ဘာ့ဖလားအပြီးမှာ ချီလီမီဒီယာအကြံပေးအဖွဲ့က ပြန်လည်ငှားရမ်းအသုံးပြုမှာဖြစ်ပါတယ်။

**အီရန်** ➤ အီရန်အသင်းကတော့ တည်းခိုမယ့်ဟိုတယ်ကို အမှာစာပို့တာမဟုတ်ပါဘူး။ ဘရာဇီးလ်ကလပ် ကိုရင်သီယန်အသင်းပိုင်ရှင်ဂရာဇာဆီမှာ အကူအညီတောင်းခဲ့တာပါ။ ကိုရင်သီယန်အသင်းဟာ အီရန်အသင်းရဲ့ လေ့ကျင့်ရေး၊ အနားယူရေးနဲ့ သန့်ရှင်းရေးကို အခကြေးငွေမယူဘဲ ကူညီပေးမှာပါ။ ဒါ့အပြင် အီရန်နည်းပြကွီရောဇ်ကလည်း ဥရောပမှာလက်တွဲခဲ့ဖူးတဲ့ ကိုရင်သီယန်နည်းပြ အီဒွာဂတ်စ်ပါရဲ့ အကူအညီကို ရယူသွားဖို့ရှိပါတယ်။

**အီကွေဒေါ** ➤ Viamao မြို့က Vila Ventura ဟိုတယ်မှာ အီကွေဒေါအသင်းတည်းမှာပါ။ ဟိုတယ်က ဗွီဒီယိုဂိမ်းစီစဉ်ပေးရမယ်။ ကစားသမားပွဲထွက်လူစာရင်း ရွေးချယ်တဲ့အခန်းမှာ အသားကင်ဖို(Barbecue) စီစဉ်ပေးရမယ်။ နံနက်စာတိုင်းမှာ ငှက်ပျောသီးပါရမယ်။ ငှက်ပျောသီးကလည်း အီကွေဒေါနိုင်ငံထွက် ငှက်ပျောသီးဖြစ်ရမယ်။ (အီကွေဒေါသည် စီးပွားဖြစ်ငှက်ပျောတင်ပို့ရောင်းချသည့်နိုင်ငံဖြစ်သည်)

**ကိုလံဘီယာ** ➤ ကိုလံဘီယာအသင်းကတော့ ဘရာဇီးလ်ကလပ်ဆော်ပေါ်လိုအသင်းကိုပိုင်ဆိုင်ထားတဲ့ ကိုလံဘီယာလုပ်ငန်းရှင်သူဌေးကို အကူအညီတောင်းခဲ့တာပါ။ ဆော်ပေါ်လိုလေ့ကျင့်ရေးကွင်းကို အသုံးပြုခွင့်ပေးဖို့နဲ့ ကိုလံဘီယာလက်ရွေးစင်အသင်းကို ကူညီလေ့ကျင့်ပေးမယ့် လူငယ်ကစားသမား (၁၅)ဦးမှအပ ကျန်လူငယ်များလေ့ကျင့်ရေးကွင်းမှာရှိမနေဖို့ တောင်းဆိုခဲ့ပါတယ်။ ဆော်ပေါ်လိုဘက်ကသဘောတူထားပြီး လူငယ်(၁၅)ဦးကိုတော့ မရွေးချယ်ရသေးပါဘူး။

**ဥရုဂွေး** ➤ Sete Lagoas မြို့က JN Resort ကိုပို့တဲ့ ဥရုဂွေးအသင်းရဲ့ အမှာစာကတော့ ပြိုင်ဘက်ကင်းတယ်လို့ဆိုကြပါတယ်။ ကစားသမားတွေရဲ့ အခန်းမှာ အသံတိတ်လေအေးပေးစက်တပ်ဆင်ပေးဖို့တောင်းဆိုတဲ့အပြင် ဥရုဂွေးအသင်းဟာ ငြိမ်းချမ်းမှုနဲ့ လုံခြုံမှုကို အလေးထားကြောင်း အသိပေးထားပါတယ်။ လေ့ကျင့်ရေးကွင်းက နံရံတွေကိုလည်း တခြားသူတွေမမြင်နိုင်လောက်အောင် ထုထည်ကြီးကြီးမားမားတည်ဆောက်ပေးဖို့တောင်းဆိုခဲ့ပါတယ်။

**ပြင်သစ်** ➤ ဆော်ပိုလိုက JP ဟိုတယ်မှာ တည်းခိုမယ့် ပြင်သစ်ရဲ့ လိုအင်ကလည်းထူးခြားပါတယ်။ ရေချိုးခန်းမှာ ဆပ်ပြာခဲအစား ရေချိုးဆပ်ပြာရည်ထားရှိပေးဖို့နဲ့ ပြင်သစ်ဟာ ဆပ်ပြာခဲနဲ့ ရေချိုးတဲ့အလေ့အထမရှိတဲ့အကြောင်းကို ပါထည့်သွင်းဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ကစားသမားတွေထဲမှာ ကွဲပြားတဲ့ဘာသာဝင်တွေ အများအပြားပါဝင်လို့ သီးသန့် Menu စီစဉ်ပေးဖို့နဲ့ စားဖိုမှူးတွေအနေနဲ့လည်း ဘာသာရေးနဲ့ကိုက်ညီတဲ့ အသားကိုသာ အသုံးပြုဖို့တောင်းဆိုပါတယ်။ အိပ်ခန်းတွေက ဇိမ်ကျဖို့အပြင် ဗီဒီယိုဂိမ်းပါဖို့လည်း လိုအပ်ပါသတဲ့။

**ဟွန်ဒူးရပ်စ်** ➤ Porto Feliz မြို့က Transamerica ဟိုတယ်မှာ တည်းခိုမှာပါ။ ကစားသမားတွေကြည့်ရှုလိုတဲ့ ရုပ်သံလိုင်း(၆)လိုင်းကို ဖော်ပြပြီး ထည့်သွင်းထားဖို့မှာကြားပါတယ်။ စပိန်ရုပ်သံ(၄)လိုင်းနဲ့ ဟွန်ဒူးရပ်စ် ရုပ်သံ(၂)လိုင်းပါဝင်ပါတယ်။ မြန်နှုန်းမြင့် Wi-Fi အင်တာနက်အသုံးပြုခွင့်ရဖို့လည်း တောင်းဆိုပါတယ်။ တချို့ကစားသမားနဲ့ နည်းပြအဖွဲ့ဝင် အိပ်ခန်းတွေမှာ သူတို့ရဲ့ အလေ့အထအရ ကုတင်ဖြုတ်ထားဖို့မှာကြားထားပါတယ်။

**ဂျပန်** ➤ ဂျပန်ကတော့ သူတို့တည်းခိုမယ့် Sport Spa Resort ကို ဂျပန်ကစားသမားတွေဟာ လေ့ကျင့်ရေးအစီအစဉ်ပြီးတိုင်း သီးသန့်ခန်းတွေထဲမှာ အနားယူမှာဖြစ်ကြောင်းနဲ့ အခန်းတိုင်းမှာ ရေနွေးငွေ့ရေပန်းပါရေချိုးကန် တပ်ဆင်ထားဖို့ အကြောင်းကြားထားပါတယ်။

**ဩစတြေးလျ** ➤ ဩစတြေးလျကစားသမားနဲ့ နည်းပြအဖွဲ့ဝင်တွေအတွက် လူ(၂)ဦးကို Coffee Maker(၁)လုံးနှုန်း Escola Senac ဟိုတယ်က စီစဉ်ပေးရပါလိမ့်မယ်။ ဘရာဇီးလ်နိုင်ငံထုတ်နဲ့ ကမ္ဘာတစ်ဝှမ်းက နေ့စဉ်ထုတ်သတင်းစာတွေကိုလည်း အချိန်မှန်ရဖို့မှာကြားထားပါတယ်။ ဒါ့အပြင် ဟိုတယ်မှာ ကမ္ဘာ့ဖလားကာလအတွင်း ဩစတြေးလျပရိသတ်ကလွဲလို့ ဘယ်ကမ္ဘာလှည့်ခရီးသွားမှ လက်မခံဖို့ တောင်းဆိုထားပါတယ်။ ဒါပေမဲ့ ဩစတြေးလျပရိသတ်တွေလည်း လက်ရွေးစင်ကစားသမားတွေနဲ့ နီးနီးကပ်ကပ်နေခွင့်ရမှာမဟုတ်ပါဘူး။

**ဆွစ်ဇာလန်** ➤ ဆွစ်ဇာလန်အသင်းကတော့ La Torre ဟိုတယ်ကို မြန်နှုန်းမြင့်အင်တာနက်နဲ့ အခန်းတိုင်းမှာ ဆွစ်ဇာလန်ရုပ်သံလိုင်းထည့်သွင်းထားဖို့ တောင်းဆိုထားပါတယ်။ ဒါ့အပြင် ဟိုတယ်ဘေးမှာ စတူဒီယိုအသစ်တစ်ခုဆောက်ပေးဖို့မှာကြားထားပြီး ကစားသမားတွေ လေ့ကျင့်ခန်းဆင်းပြီးရင် အဲဒီမှာ သတင်းစာရှင်းလင်းပွဲနဲ့ အင်တာဗျူးတွေကိုဖြေကြားပြုလုပ်မှာပါ။

**ကော်စတာရီကာ** ➤ ကော်စတာရီကာဟာ အသင်းတည်းခိုမယ့် Plaza ဟိုတယ်ကို ကစားသမားတွေစုပေါင်းအနားယူဖို့ ခန်းမကျယ်စီစဉ်ပေးထားဖို့တောင်းဆိုပါတယ်။ ခန်းမကျယ်အတွင်းမှာလည်း ဇိမ်ခံဆိုဖာ၊ တီဗွီနဲ့ ဗီဒီယိုဂိမ်းစ်တွေထည့်သွင်းထားဖို့ မှာကြားထားပါတယ်။

**ပေါ်တူဂီ** ➤ ပေါ်တူဂီအသင်းကလည်း သူတို့တည်းခိုမယ့် Palms ဟိုတယ်ကို ဂိမ်းစ်ခန်းမတည်ဆောက်ထားဖို့နဲ့ အိပ်ခန်းတိုင်းမှာလည်း ဗီဒီယိုဂိမ်းပါဝင်ဖို့ တောင်းဆိုပါတယ်။ သူများထက်ထူးတာက လုံခြုံရေးကို အထူးအလေးပေးတောင်းဆိုထားတာပါ။ ဘရာဇီးလ်မှာ ပေါ်တူဂီအသင်းသွားလာစဉ်မှာ အင်အားကြီးမားတဲ့ ရဲတပ်ဖွဲ့ရဲ့ စောင့်ရှောက်မှုကိုခံယူမယ့်အပြင် ကိုယ်ပိုင် လုံခြုံရေးအစောင့်အကြပ်(၆)ဦးကိုလည်းမှာကြားထားပါတယ်။ အဲဒီထဲက (၄)ဦးဟာ ပေါ်တူဂီရဲ့ Mega Star စီရော်နယ်လ်ဒိုအတွက် သီးသန့်ဖြစ်ပါတယ်။

■

ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ သက်ဆိုင်ရာ လိဂ်ပြိုင်ပွဲတွေရဲ့ ချန်ပီယံဆုအတွက် အလှည့်အပြောင်းဖြစ်စေသော ပွဲများပါဝင်ခဲ့သည်။ ပရီးမီးယားလိဂ်မှာ ဆိုလျှင် လီဗာပူးလ်နှင့် မန်စီးတီးတို့၏ ချန်ပီယံဆုအတွက် ပြောင်းပြန်ဖြစ်သွားခြင်းကို မြင်ခဲ့ရသည်။ အဲဒီတခါကို နိုင်ခဲ့သော မန်စီးတီးနောက်ကို လိုက်ရင်း လီဗာပူးလ်က ပဲလေ့စ်ကို သရေသာ ကစားနိုင်ခဲ့ပြီး ခြေချော်ခဲ့သည်။ လာလီဂါမှာဆိုလည်း အက်သလက်တီကို ရှုံးပွဲပြန်တွေ့သွားခဲ့သည်။ သို့သော် နောက်ကလိုက်နေသည့် ရီးယဲလ်က အိမ်ကွင်းမှာ နိုင်ပွဲပျောက်ကာ အခွင့်အရေးကောင်းကို လက်လွှတ်ခဲ့ရသည်။ စီးရီးအေမှာတော့ ဂျူဗင်တပ်စ်အသင်း တရားဝင်ချန်ပီယံဖြစ်ခဲ့သည်။ ရိုးမားက တန်းဆင်းဇုန်ထဲက ကာတာနီယာကို ရှုံးခဲ့ခြင်းကြောင့် ဂျူဗင်တပ်စ်တို့ (၃)ကြိမ်ဆက် စီးရီးအေချန်ပီယံအဖြစ် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

# ရင်ခုန်ဖွယ် ဥရောပပွဲစဉ်အချို့ကိုပြန်လည်ခံစားခြင်း




ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲအပြီးတွင်တွေ့ရသည့် လီဗာပူးလ်တိုက်စစ်မှူး ဆွာရက်ဇ်နှင့် အသင်းခေါင်းဆောင် ဂျာရတ်

## ဆွာရက်ဇ်ကိုမှ အားမနာ

ဒီရာသီမှာ လီဗာပူးလ်ချန်ပီယံလမ်းကြောင်းပေါ်ရောက်ဖို့ အကောင်းဆုံးစွမ်းဆောင်ခဲ့သူက ဆွာရက်ဇ်ဆိုတာ ငြင်းလို့မရ။ အသင်းက ထွက်မလို ဖြစ်ခဲ့ပေမယ့် ဆက်နေဖို့ဆုံးဖြတ်ချိန်မှာလည်း ပရိုပီပီ ကိုယ့်အလုပ်ကိုယ်အကောင်းဆုံးလုပ်ပြခဲ့သည်။ သွင်းလိုက်ရသည့် ဂိုးတွေက တနိုင်းနိုင်း။ စီရော်နယ်လ်ဒို၊ မက်ဆီတို့နှင့် နင်လားငါလား ခြေစွမ်းပြခဲ့သူလည်းဖြစ်သည်။ လီဗာပူးလ်အတွက် ရာသီအစမှသည် အဆုံးအထိ တာဝန်ကျေခဲ့သူလည်းဖြစ်သည်။ ဒါပေမဲ့ ပဲလေ့စ်ကို သရေကျပြီးသည့်နောက်မှာတော့ လီဗာပူးလ်ရဲ့ အိပ်မက်တွေဝေဝါးကုန်သည်။ တကယ်ဆို ဒီလောက်အရေးပါသည့်အချိန်မှာ အရေးပါသည့် ဂိုးတွေ အများကြီးရထားပြီးမှ နောက်ဆုံး(၁၀) မိနစ်ကျော်လောက်ကို မထိန်းနိုင်ဘဲ သရေကျသွားခြင်းက လက်ခံနိုင်စရာမရှိ။ တိုက်စစ်က တာဝန်ကျေသလောက် လီဗာပူးလ်ခံစစ်က ပေါ့လျော့လွန်းသည်။ အခုတော့ ချန်ပီယံအိပ်မက်လည်း မှုန်ဝါး၊ သမိုင်းတွင်မယ့်အမှာရှတ်တစ်ခုလည်း ကျန်ရစ်။ ၂၀၀၅ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ အေစီမီလန် ခံစားခဲ့ရတာကို လီဗာပူးလ်လည်း ကြုံဖူးသွားပြီဖြစ်သည်။

တကယ်တော့ ချယ်လ်ဆီးနှင့် လီဗာပူးလ်တို့က အစွန်းနှစ်ဖက်မှာ ရှိခဲ့ကြသည်။ တစ်သင်းက အကောင်းဆုံးခံစစ်နှင့် ဆိုးရွားသည့် တိုက်စစ်၊ တစ်သင်းက အကောင်းဆုံးတိုက်စစ်နှင့် စိတ်ပျက်ဖွယ်ခံစစ်တို့ကို ပိုင်ဆိုင်ခဲ့ကြသည်။ နောက်ဆုံးတော့ ခံစစ်၊ တိုက်စစ် ပိုမိုဟန်ချက်ညီသည့် မန်စီးတီးက အလားအလာကောင်းသွားခဲ့သည်။ လီဗာပူးလ်ရဲ့ နောက်ပိုင်းပွဲရလဒ်တွေက သိပ်တော့မဟုတ်တော့။ အဆုံးအဖြတ်ကာလတွေမှာ လီဗာပူးလ်ရဲ့ အနိုင်ရလဒ်တွေက ပြတ်ပြတ်သားသားမရှိ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ပွတ်ကာသီကာနိုင်နေခြင်းဖြစ်သည်။ နောဝစ်ချ်ကို နိုင်သည့်ပွဲကိုကြည့်ရင် လီဗာပူးလ်ရဲ့ နောက်ခံအတွင်းလူ (၂)ဦးဖြစ်သည့် စကာတယ်လ်နှင့် ဆာခိုတို့ရဲ့ ခေါင်းဆောင်မှုစွမ်းရည်ကင်းမဲ့မှုကို တွေ့နိုင်သည်။ လူးကပ်စ်ဒထ်ရာကပြန်သက်သာလာချိန်မှာ ဘရန်ဒန်ရော်ဂျာရဲ့ အသင်းက တစ်ရာသီလုံးမှာ ခြေစွမ်းအဆိုးဆုံးကာလတွေဖြစ်သွားတာကိုလည်းတွေ့ရသည်။ စကာတယ်လ်နှင့် ဆာခိုတို့က ကစားသမားကောင်းတွေဖြစ်နိုင်ပါသည်။ ဒါပေမဲ့ ဦးဆောင်နိုင်သူတွေတော့မဟုတ်။ တစ်ဦးနှင့်တစ်ဦးလည်း လုံလောက်တဲ့ Communicate မရှိ။ တစ်ဦးဟာကွက်ကို တစ်ဦးမဖြည့်ပေးနိုင်။ ဒီလိုနဲ့ အကောင်းဆုံးတိုက်စစ်လည်း အောင်မြင်မှုအတွက် အာမခံချက်မပေးနိုင်တော့။ လီဗာပူးလ်ခံစစ်ကိုတော့ ဆွာရက်ဇ်ကိုမှ အားမနာဟုဆိုချင်သည်။

## နနယ်တဲ့ နည်းပြ ဂစ်

နည်းပြအပြောင်းအလဲတွေလုပ်ချင်ပြီဆိုလျှင် နောက်လာမည့်နည်းပြ ပွဲချောင်သည့်အချိန်ကို ရွေးလုပ်သလားဆိုတာ သံသယဖြစ်လာသည်။ အဖွင့်လုလုဖြစ်စေချင်သည့် သဘောလည်းပါမည်၊ အေဗာ်မိုယက်စ်ခေတ်လွန်ဂစ်လက်ထက်မှာ မန်ယူအသင်းက အိမ်ကွင်းတွေချည်းကစားခဲ့ရသည်။ နောဝစ်ချ်၊ ဆန်းဒါးလန်း၊ ဟားလ်စီးတီး။ အသင်းတွေကလည်း နိုင်လောက်သည့်အသင်းတွေချည်းဖြစ်သည်။ ဂစ်သာ ဒီ(၃)ပွဲစလုံးကို နိုင်ပွဲယူပြနိုင်ခဲ့လျှင် လာမည့်ရာသီနည်းပြရာထူးအတွက် သူ့ကိုရင်ခုန်လာကြဦးမည်လားမသိ။ ဒါပေမဲ့ ကိုယ်တော်ချောက ဒုတိယပွဲမှာ ဆန်းဒါးလန်းကို ဖောက်ပြီးရှုံးပြလိုက်သည်။ ဒီတော့ လာမည့်ရာသီသူမဟုတ်တော့တာကတော့ သေချာသလောက်ရှိသွားသည်။ မြင်နေကျမဟုတ်၍ဘဲလား၊ ဂစ်ကို နည်းပြတစ်ဦးလို မြင်ရတာ ရယ်ချင်စရာတော့ကောင်းသည်။ ဂစ်က မှင်မောင်းမရှိ၊ နည်းပြဥပဓိမရှိ၊ ခန့်ခန့်ထည်ထည်မရှိဖြစ်နေသည်။ အသက်ငယ်ခြင်းနှင့်တော့မဆိုင်။ ဘိုအက်ရှ်ဆိုရင် ဂစ်ထက်အများကြီးငယ်သည်။ ကစားသမားဘဝကနေ နည်းပြစဖြစ်သည့်ရာသီဖြစ်လာတာလည်းပါမည်။ မန်ယူဆိုသည့်အရှိန်အဝါကြောင့်လည်းပါမည်ထင်သည်။ ဟားလ်စီးတီးနှင့်ပွဲမှာတော့ ဂစ်ကိုယ်တိုင်ဝင်ကစားသွားခဲ့သည်။ သူ့ရဲ့ အိုးလ်ထရက်ဖို့ဒ်နောက်ဆုံးပွဲလည်းဖြစ်သည်။

## မြင်းခွာတစ်ချက်ပေါက်ရင်

မြန်မာ့သမိုင်းမှာ နာမည်ကျော်ခဲ့တဲ့ ကိုဗဟိန်းရဲ့ ကြုံးဝါးသံက မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမည်။ စီရော်နယ်လ်ဒိုကတော့ မြင်းခွာတစ်ချက်ပေါက်ရင် ဂိုးတစ်ဂိုးဖြစ်စေရမည်ဟုပဲ ဆိုရမလား။ ဗလင်စီယာကို စီရော်နယ်လ်ဒိုသွင်းသည့်ဂိုးက ရသမြောက်လွန်းသည်။ အခြေအနေနှင့်လိုက်လျောညီထွေအသုံးချလိုက်ခြင်းလည်းဖြစ်သည်။ စီရော်နယ်လ်ဒို၏ ဂိုးကံကြောင့်လည်းဖြစ်သည်။ အသုံးချနိုင်လောက်သည့် အရိုး၊ အဆစ်၊ အကြောတို့ကို ပိုင်ဆိုင်ထားခြင်းကြောင့်လည်းဖြစ်သည်။ စီရော်နယ်လ်ဒိုရဲ့ ဂိုးက ချီးကျူးစရာကောင်းပေမယ့် ရီးယဲလ်မက်ဒရစ်ကတော့ စိတ်ပျက်စရာရလဒ်ကိုသာ ပိုင်ဆိုင်ခဲ့သည်။ အက်သလက်တီကိုက လီဗန်တေးလိုအသင်းကို ရှုံးဖို့ဆိုတာ ကြုံတောင့်ကြုံခဲ၊ မဖြစ်နိုင်သည့်အနေအထားတစ်ခု၊ တကယ်ဖြစ်လာခဲ့ပြီ၊ ကိုယ်က ဒီပွဲပြီးမှ မျှော်လင့်ချက်အပြည့်နှင့်ကစားရသည်။ ပြီးတော့ အိမ်ကွင်းလည်းဖြစ်နေသည်။ ဒါပေမဲ့ မရှုံးဖို့တောင်မနည်းကစားခဲ့ရသည်။ ဒီမာရီယာကို ဒုတိယပိုင်းမှ ထည့်လိုက်တဲ့ အန်ဆယ်လော့တီမှားသွားသည်။ ပြီးတော့ ရီးယဲယ်ကွင်းလယ်ရဲ့ အသက်သွေးကြောဖြစ်နေသည့် မိုဒရစ်မပါတာကြောင့်လည်းဖြစ်မည်။ ဘယ်လိုပဲ ဖြစ်ဖြစ် အမိကပြိုင်ဘက်အသင်းရဲ့ ခြေချော်မှုကို အခွင့်အရေးမယူနိုင်ခဲ့တာတော့ နစ်နာလှသည်။

## ချန်ပီယံဖြစ်သွားတဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်ကတော့ ပွဲမကျန်ခင်ကို ချန်ပီယံဖြစ်ခဲ့သည်။ တောက်လျှောက်ခြေစွမ်းပြနေသည့် ရိုးမားက အမှတ်ပေးဇယားအောက်ဆုံးမှ ကာတာနီယာလိုအသင်းကို ဂိုးပြတ်ရှုံးခဲ့တာ ကအံ့သြစရာ။ သူတို့ရဲ့ ရလဒ်က ဂျူဗင်တပ်စ်ဖလားယူဖို့ဖြစ်သွားသည်။ ဒါပေမဲ့ ရိုးမားနိုင်ခဲ့ရင်လည်း ဘာမှထူးမည်မဟုတ်။ အချိန်တန်ရင် ဂျူဗင်တပ်စ်သာ ချန်ပီယံဖြစ်လိမ့်မည်ဖြစ်သည်။ အခုတော့ ကွင်းထဲမှာ ကိုယ်နိုင်၍မဟုတ်ဘဲ ပွဲမကစားရသေးခင် ချန်ပီယံဖြစ်ခဲ့ခြင်းက ဖွယ်တယ်တယ်ကြီးဖြစ်သည်။ ဂျူဗင်တပ်စ်က ကွန်တီလက်ထက်မှာ (၃)ကြိမ်ဆက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ စီးရီးအေရဲ့ အငြင်းပွားဖွယ်မရှိအကောင်းဆုံးအသင်းလည်းဖြစ်သည်။




ချန်ပီယံဖြစ်ပြီးနောက် အောင်ပွဲခံနေသည့် ဂျူဗင်တပ်စ်အသင်းပရိသတ်များ

○

Premier ELEVEN SPORTS JOURNAL

SUPPLEMENT အ ချ င် ပို

# ၂၀၂၂ခုနှစ်တွင် ပရီးမီးယားလိဂ်၌ အင်္ဂလန်ကစားသမားအနည်းဆုံး (၄၅%)ပွဲထွက်ခွင့်ရရှိရန် FAမှ ပစ်မှတ်ထားဆောင်ရွက်သွားမည်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)သည် ပရီးမီးယားလိဂ်တွင် အင်္ဂလန်ကစားသမားများ နေရာရရှိမှုလျော့နည်းလာခြင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အင်္ဂလန်လက်ရွေးစင်အသင်း အောင်မြင်မှုမရရှိသည့်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် စီစဉ်နေရာ ၂၀၂၂ခုနှစ်၌ ပရီးမီးယားလိဂ်တွင် ပွဲထွက်အင်္ဂလန်ကစားသမား အနည်းဆုံး(၄၅%)ရှိရန် ပစ်မှတ်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။




FA၏စီမံကိန်းများနှင့်ပတ်သက်၍ ဥက္ကဋ္ဌဂရက်ဒိုက် ရှင်းလင်းပြောကြားနေစဉ်

လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်း(၂၀)၌ ပွဲထွက်ကစားခွင့်ရရှိသည့် အင်္ဂလန်ကစားသမားမှာ ပွဲစဉ်တစ်ခုလျှင်(၆၆)ဦးဝန်းကျင်သာ ရှိနေပြီး အနည်းဆုံး(၉၀)ဦးအထိရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ FA သည် အင်္ဂလန်လက်ရွေးစင်အသင်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခြင်းမှာ အင်္ဂလန်ကစားသမားများအနေဖြင့် ပရီးမီးယားလိဂ်၌ နေရာမရရှိခြင်းကြောင့်ဟု ယူဆကာ ယခုကဲ့သို့ စီမံကိန်းများချမှတ်ဆောင်ရွက်ရန် စီစဉ်နေခြင်းလည်း ဖြစ်သည်။ FA သည် ပြိုင်ဘက်လိဂ်များနှင့် နှိုင်းယှဉ်ပါက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်ကစားသမားများ နေရာပျောက်ဆုံးနေခြင်းကို ဖြေရှင်းနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်အောက်တိုဘာလကတည်းက FA ဥက္ကဋ္ဌဂရက်ဒိုက်နှင့် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဒ်ဆန် အပါအဝင် ပုဂ္ဂိုလ်(၁၀)ဦးဖြင့် အထူးကော်မရှင်တစ်ခုဖွဲ့စည်းကာ အပြောင်းအလဲများပြုလုပ်ရန် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါ အဆိုပါကော်မရှင်က ၎င်းတို့၏စီမံကိန်းများကို ချပြခဲ့ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်၌ အင်္ဂလန်ကစားသမားများ ပိုမိုနေရာရရှိရန်နည်းတူ ပြည်ပကစားသမားခေါ်ယူမှုကိုလည်း ကန့်သတ်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ သို့သော် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပုံရိပ်ကို မထိခိုက်စေရန်အတွက် ချက်ချင်းအပြောင်းအလဲပြုလုပ်သွားမည်မဟုတ်ဘဲ ၂၀၁၆ မှ ၂၀၂၂ ခုနှစ်အတွင်း ပရီးမီးယားလိဂ်အသင်းများတွင် ပြည်ပကစားသမားပါဝင်မှု (၁၂)ဦးအထိသာရှိရန် ဖြည်းဖြည်းချင်းလျှော့ချသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရန် ပရီးမီးယားလိဂ်အသင်းများ၏ သဘောတူညီချက် လိုအပ်နေသေးသော်လည်း မန်ယူ၊ မန်စီးတီး၊ လီဗာပူးလ်၊ စပါး စသည့်အသင်းများက ထောက်ခံမှုပြုလုပ်ထားကြပြီး အင်္ဂလန်ကစားသမားများကို ပိုမိုနေရာပေးရန် စီစဉ်နေကြပြီဖြစ်ကြောင်းလည်း သိရှိရသည်။

## သောကြာနေ့နံနက်ပိုင်းသတင်းများ

❒ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဂျာမနီအသင်း၏ ပဏာမ(၃၀)ဦးစာရင်းထုတ်ပြန်ခဲ့ရာ တိုက်စစ်မှူးမာရီယိုဂိုးမက်ဇ်ပါဝင်ခဲ့ခြင်းမရှိကြောင်းသိရသည်။

❒ အာဆင်နယ်ကွင်းလယ်လူ ဝဲလ်ရှိုင်းယားသည် ဒဏ်ရာမှပြန်လည်သက်သာလာသဖြင့် လာမည့်ရာသီပိတ်နောဝစ်ချ်နှင့်ပွဲတွင် ထည့်သွင်းကစားစေမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးကပြောကြားခဲ့သည်။

❒ ဘာစီလိုနာ တိုက်စစ်မှူးပက်ဒရိုက ယခုနှစ်ရာသီလာလီဂါတွင် ဘာစီလိုနာအသင်း ချန်ပီယံမဖြစ်ခဲ့ပါက ပရိသတ်များအနေဖြင့် မိမိတို့အသင်းအား ခွင့်လွှတ်စရာအကြောင်းမရှိကြောင်း ပြောဆိုခဲ့သည်။

❒ ဆန်းဒါးလန်းအား ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ဒိုင်လူကြီးများအား လှောင်ပြောင်ခနဲ့ခဲ့သောကြောင့် မော်ရင်ဟိုအား FA မှ ဒဏ်ကြေးပေါင်(၁၀၀၀၀)ချမှတ်ခဲ့သည်။

❒ မိုနာကိုနှင့် ဘော်ဒိုးအသင်းတို့မှမိမိအား နည်းပြအဖြစ်ကမ်းလှမ်းမည်ဆိုသည့်သတင်းများမှာ မှန်ကန်မှုမရှိကြောင်း ဇီဒန်းကပြင်းဆန်ပြောကြားသွားသည်။

❒ ကမ္ဘာ့ဖလားကျင်းပမည့် ကူအာဘာမြို့ရှိ ပန်တာနယ်လ်ကွင်းတွင် ဆောက်လုပ်ရေးအလုပ်သမားတစ်ဦးသည် လျှပ်စစ်ဓာတ်လိုက်ကာ သေဆုံးခဲ့ကြောင်းသိရသည်။

**လိဂ်ချန်ပီယံရှစ် Play-off ဆီမီးဖိုင်နယ်-ကျော့ရလဒ်**

ဘရိုက်တန် ၁-၂ ဒါဘီ

## ရိုးမား-ဂျူဗင်တပ်စ်ပွဲအား မူလအချိန်ထက် (၃)နာရီစော၍ ပြောင်းလဲကျင်းပသွားမည်ဟု သိရှိရ

ယခုတစ်ပတ်စီးရီးအေပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားမည့် ရိုးမား-ဂျူဗင်တပ်စ်ပွဲအား လုံခြုံရေးအခြေအနေကြောင့် (၃)နာရီရှေ့တိုးကာ အချိန်ပြောင်းလဲကျင်းပသွားမည်ဖြစ် ကြောင်း ရောမမြို့ရဲတပ်ဖွဲ့ကကြေညာခဲ့သည်။ မူလက ယင်းပွဲစဉ်အား မြန်မာစံတော်ချိန် တနင်္လာနေ့ မနက်(၁း၁၅)နာရီတွင် ယှဉ်ပြိုင်ရန်စီစဉ်ထားသော်လည်း အချိန်ပြောင်းလဲခဲ့သဖြင့် တနင်္ဂနွေနေ့ ည(၁၀း၁၅)နာရီတွင် ပြောင်းလဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

## မေလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ဖီဖာထုတ်ပြန်

မေလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ဖီဖာမှထုတ်ပြန်ခဲ့ရာ ကမ္ဘာ့အဆင့်(၁)နေရာတွင် စပိန်ရပ်တည်နေပြီး ၎င်းနောက်တွင် ဂျာမနီ၊ ပေါ်တူဂီ၊ ဘရာဇီးလ်တို့ကအစဉ်လိုက်ရပ်တည်နေကြောင်းသိရသည်။ ထို့အပြင် ဖီဖာသည် ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ ဇွန်လ(၅)ရက်တွင် ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာအသင်းမှာမူ ကမ္ဘာ့အဆင့်(၁၇၃)၊ အာရှအဆင့်(၃၉)၊ အာဆီယံအဆင့်(၉)တွင် ရပ်တည်လျက်ရှိသည်။

## ထိပ်ဆုံးတွင် ဦးဆောင်ခွင့်အနည်းဆုံးသာရရှိသော်လည်း စွမ်းဆောင်ရည်ကောင်းမွန်ခဲ့သည့် မန်စီးတီးအသင်းကို အာစင်ဝင်းဂါး ဂုဏ်ပြုစကားဆို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် တိကျသည့်အဖြေ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း မန်စီးတီးအသင်း၏စွမ်းဆောင်ရည်အတွက် ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

မန်စီးတီးအသင်းသည် လက်ရှိအချိန်တွင် ပြိုင်ဘက်လီဗာပူးလ်အသင်းကို (၂)မှတ်အသာရထားသည့်အပြင် ဂိုးကွာခြားချက်တွင်လည်း များစွာအသာရထားသည့်အတွက် နောက်ဆုံးပွဲ၌ ဝက်စ်ဟမ်းကို သရေကစားနိုင်ရုံဖြင့်ပင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ရယူနိုင်တော့မည်ဖြစ်သည်။ သို့သော် အာစင်ဝင်းဂါး အဓိကချီးကျူးခဲ့ခြင်းမှာ မန်စီးတီးအသင်းအနေဖြင့် ယခုရာသီတွင် အမှတ်ပေးဇယားထိပ်ဆုံး၌ အချိန်အနည်းဆုံးရပ်တည်နိုင်ပြီး အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခုရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားပထမနေရာ၌ အချိန်အကြာဆုံးရပ်တည်နိုင်ခဲ့သည်မှာ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းဖြစ်ပြီး စုစုပေါင်း(၁၂၈)ရက် ရပ်တည်နိုင်ခဲ့သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းက (၆၄)ရက်၊ လီဗာပူးလ်အသင်းက (၅၉)ရက်နှင့် မန်စီးတီးအသင်းမှာ (၁၁)ရက်သာ ရပ်တည်နိုင်ခဲ့ကြောင်းလည်း သိရှိရသည်။ ထိုအခြေအနေအတွက် အာစင်ဝင်းဂါးက အာဆင်နယ်အသင်း၏ အဓိကအားနည်းချက်မှာ ချန်ပီယံပြိုင်ဘက်များနှင့် ရင်ဆိုင်ရာတွင် ရလဒ်ဆိုးခဲ့ခြင်းကြောင့်ဟုလည်း ဝန်ခံခဲ့သည်။ လီဗာပူးလ်အသင်းကို ကံခေခဲ့သည်ဟု မှတ်ချက်ချခဲ့ပြီး မန်စီးတီးကိုမူ ချန်ပီယံဆုနှင့်လွဲခဲ့လျှင် မယုံနိုင်အောင်ဖြစ်ရမည့်ခြေစွမ်း ပိုင်ဆိုင်ခဲ့ကြောင်း၊ ယင်းနှစ်သင်းစလုံး အကောင်းဆုံးတိုက်စစ်စွမ်းရည် ပြသနိုင်ခဲ့ကြောင်းလည်း ချီးကျူးခဲ့သည်။

*MFF Ooredoo Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် လက်ကျန်ပွဲစဉ်တွေကို ပြီးခဲ့တဲ့ မေ(၈)ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ MNL ကလပ်အသင်းတွေဖြစ်တဲ့ Southern နဲ့ ချင်းယူနိုက်တက်အသင်းတို့ အများအယွင်းမရှိနိုင်ပွဲရယူနိုင်ခဲ့ပြီး နောက်တစ်ဆင့်ကိုတက်လှမ်းနိုင်ခဲ့ပါတယ်။ နိုင်ငံတကာခြေစမ်းပွဲတွေယှဉ်ပြိုင်ဖို့ရှိနေတဲ့ ယူ-၁၉ အသင်းဟာ ပြိုင်ပွဲက နုတ်ထွက်ခဲ့တာကြောင့် Horizon အသင်းကတော့ တတိယအဆင့်ကို အလိုအလျောက်တက်ရောက်နိုင်ခဲ့ပါတယ်. . .*

# MNL **ကလပ်တွေဖြစ်တဲ့** Southern **နဲ့ ချင်းတို့ နောက်တစ်ဆင့်တက်ခဲ့တဲ့**



Southern အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ် (ဓာတ်ပုံ-ညီညီစိုးညွန့်)

## ရခိုင် ၀-၁ Southern

လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်တွေဆိုးရွားနေတဲ့ Southern အသင်းဟာ အခုပွဲမှာလည်း အနိုင်ရခဲ့ပေမယ့် ရုန်းကန်ခဲ့ရပါတယ်။ MNL မှာ ကာလအတန်ကြာကျင်လည်ခဲ့ဖူးတဲ့ ရခိုင်အသင်းဟာ Southern အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပါတယ်။ ကင်မ်ဝေါလ်ဒန်ဟာ အခုပွဲအနိုင်ရဖို့အတွက် သေချာပြင်ဆင်ကစားခဲ့ပြီး တိုက်စစ်မှာ အမာခံကစားသမားတွေဖြစ်တဲ့ ရဲအောင်နဲ့ ရန်နိုင်ထွေးတို့မပါနိုင်တာကြောင့် ဇင်မျိုးဝင်းကို ရှေ့မှာထားကစားခဲ့ပြီး ရဲထွန်းနိုင်က နောက်ချန်တိုက်စစ်မှူးအဖြစ်ကစားခဲ့ပါတယ်။ မိနစ်(၃၀)လောက်အထိ မိုးသည်းထန်စွာရွာသွန်းနေလို့ နှစ်သင်းစလုံး စိတ်ကြိုက်မကစားနိုင်ခဲ့ဘဲ ပထမပိုင်းပြီးခါနီးမှ အပြန်အလှန်ထိုးဖောက်မှုတွေ ပြုလုပ်လာနိုင်ခဲ့ပါတယ်။ ရခိုင်အသင်းဟာ လာမယ့်ရာသီမှာ တန်းပြန်တက်ဖို့ ပြင်ဆင်ပြိုင်ပွဲဝင်နေတဲ့အသင်းဖြစ်ပြီး အပိုင်အခွင့်အရေးတွေကိုလွဲချော်ခဲ့လို့သာ နိုင်ပွဲနဲ့ဝေးခဲ့ရတာဖြစ်ပါတယ်။ ဒုတိယပိုင်းအစမှာ ရခိုင်အသင်း နိုင်ပွဲရဖို့အကောင်းဆုံးအခွင့်အရေးရခဲ့ပြီး ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပေမယ့် မြင့်နိုင် ဝင်းအောင်မသွင်းနိုင်ခဲ့ပါဘူး။ ဂိုးမပေးခဲ့ရလို့ Southern အသင်း ကစားပုံပိုကောင်းလာပြီး အနိုင်ရဖို့အတွက် ရခိုင်အသင်းဘက်ကိုဖိအားပေးကစားနိုင်ခဲ့ပါတယ်။ Southern အသင်းအတွက်အနိုင်ဂိုးကိုတော့ (၇၉)မိနစ်မှာ တိုက်စစ်မှူး ဇင်မျိုးဝင်းကသွင်းယူခဲ့တာဖြစ်ပါတယ်။

## ဒဂုံ ၀-၂ ချင်းယူနိုက်တက်

MNL ကလပ် ချင်းယူနိုက်တက်အသင်းအတွက် မခက်ခဲတဲ့နိုင်ပွဲပဲဖြစ်ပါတယ်။ ဒဂုံအသင်းဟာ နောက်တစ်ဆင့်တက်ဖို့ ကြိုးပမ်းခဲ့ပေမယ့် နိုင်ငံခြားသားကစားသမားတွေပါဝင်တဲ့ ချင်းယူနိုက်တက်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ နိုင်ငံခြားသားကစားသမားတွေ ပါဝင်တဲ့ ချင်းယူနိုက်တက်အသင်းဟာ ပွဲစကတည်းက ဒဂုံအသင်းကိုဖိအားပေးကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဖွင့်ဂိုးကိုတော့ ပထမပိုင်းပြီးခါနီးမှရရှိခဲ့တာဖြစ်ပြီးတောင်ကိုရီးယားကွင်းလယ်လူ ချောင်ယင်ဂင်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာလည်း ဒဂုံအသင်းဟာချေပဂိုးရဖို့ကြိုးပမ်းခဲ့ပေမယ့် ချင်းယူနိုက်တက်နောက်တန်းကို မကျော်နိုင်ခဲ့ပါဘူး။ ချင်းယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမယ့် ဒုတိယဂိုးကိုတော့ (၈၂)မိနစ်မှာ ပယ်နယ်တီကတစ်ဆင့် မာတူနာက သွင်းယူခဲ့တာဖြစ်ပါတယ်။ နည်းပြ ဦးဋ္ဌေးမြင့်လက်ထက်မှာ ပုံစံကောင်းတွေပြန်လည်ရရှိပြီး MNL အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်တွေကောင်းမွန်နေတဲ့ ချင်းယူနိုက်တက်အသင်းဟာ အခုပြိုင်ပွဲမှာ တတိယအဆင့်ကိုတက်ရောက်နိုင်ခဲ့ပါတယ်။

| ဒုတိယအဆင့်ပွဲစဉ်များ |
|---|
| ဟံသာဝတီ ၂-၀ မောရဝတီ |
| မြဝတီ ၂-၁ GFA |
| ရခိုင် ၀-၁ Southern |
| ဒဂုံ ၀-၂ ချင်းယူနိုက်တက် |

## ဟံသာဝတီ-မောရဝတီပွဲတွင် နှစ်ဖက်ကစားသမားများ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းအတွက် MFF အရေးယူမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပြီးခဲ့သည့် မေ(၇)ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဟံသာဝတီ-မောရဝတီပွဲစဉ်မှဖြစ်ရပ်များအတွက်အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတွင် ပွဲပြီးခါနီး၌ နှစ်ဖက်ကစားသမားများခိုက်ရန်ဖြစ်ပွားခဲ့ပြီး နည်းပြအဖွဲ့ဝင်များနှင့် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ကွင်းအတွင်းဝင်ရောက်ကာ ထိန်းသိမ်းခဲ့ရသည်။ MNL ပြိုင်ပွဲကျင်းပရေးကော်မတီသည် ယင်းပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သော ပြိုင်ပွဲကြီးကြပ်သူ၊ ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးတို့၏ အစီရင်ခံစာများ၊ ဗီဒီယိုမှတ်တမ်းများကို စည်းကမ်းထိန်းသိမ်းရေးကော်မတီထံတင်ပြသွားမည်ဖြစ်သည်။

## ၂၀၁၃ ခုနှစ်အတွက် မြန်မာအကောင်းဆုံးအားကစားသမားဆုပေးပွဲကို မေလ(၁၀)ရက်တွင် ကျင်းပမည်

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ စိစစ်ရွေးချယ်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် ပူးပေါင်းချီးမြှင့်မည့် ၂၀၁၃ ခုနှစ်အတွက် မြန်မာ့တစ်နှစ်တာအကောင်းဆုံးအားကစားသမားဆုများချီးမြှင့်ပွဲအခမ်းအနားကို လာမည့် မေ(၁၀)ရက်တွင် Sky Star ဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်နှစ်တာအကောင်းဆုံးဆုများကို မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်မှ နှစ်စဉ်ချီးမြှင့်လျက်ရှိပြီး ယခုနှစ်တွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနမှ ဆီးဂိမ်းစ်ပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းများကိုလည်း ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုပေးပွဲကို အားကစားမီဒီယာများတက်ရောက်သတင်းရယူရန် ဖိတ်ကြားထားသည်။

## အင်ဒိုနီးရှားခြေစမ်းခရီးစဉ်တွင် မြန်မာ ယူ-၁၉ အသင်း အင်ဒိုနီးရှား ယူ-၁၉ အသင်းကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားနိုင်ခဲ့

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၄ အာရှ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့် မေ(၃)ရက်မှ (၈)ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် သွားရောက်လေ့ကျင့်ခဲ့ပြီး အင်ဒိုနီးရှား ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၁၉ အသင်းနှင့် အင်ဒိုနီးရှား ယူ-၁၉ အသင်းတို့သည် မေ(၅)ရက်က ပထမပွဲယှဉ်ပြိုင်ကစားခဲ့ရာ (၁-၁)ဂိုးဖြင့် သရေကျခဲ့ပြီး မေ(၇)ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဒုတိယပွဲတွင် မြန်မာအသင်းက (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အင်ဒိုနီးရှား ယူ-၁၉ အသင်းမှာ အာဆီယံယူ-၁၉ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ပြိုင်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး (၂)ပွဲစလုံး မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ကြောင်း သိရသည်။ ပထမပွဲတွင် အိမ်ရှင်အသင်း၏ဦးဆောင်မှုကိုခံခဲ့ရပြီး မြန်မာအသင်းအတွက်ချေပဂိုးကို အောင်သူကသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပွဲတွင်လည်း မြန်မာအသင်းမှာ နောက်မှလိုက်ကစားခဲ့ရပြီး ပွဲပြီးခါနီးတွင်သွင်းယူခဲ့သော (၂)ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက်ချေပဂိုးကို မောင်မောင်စိုးကသွင်းယူခဲ့ပြီး အနိုင်ဂိုးကို ဘယ်နောက်ခံလူ နန္ဒကျော်ကသွင်းယူခဲ့ခြင်းဖြစ်သည်။




မြန်မာ ယူ-၁၉ နှင့် အင်ဒိုနီးရှား ယူ-၁၉ တို့ယှဉ်ပြိုင်ကစားနေစဉ်

မြန်မာ ယူ-၁၉ အသင်းသည် ယခုမေလအတွင်း၌ ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများသွားရောက်ကစားရန်စီစဉ်ထားပြီး ဂျပန်တက္ကသိုလ်အသင်း၊ တရုတ်တက္ကသိုလ်အသင်းတို့နှင့် (၃)ပွင့်ဆိုင်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။